http://www.linhtet.com



http://www.linhtet.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း သားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.linhtet.com

ပင်ဝါးရုံစာပေ
အခန်း ၄၀၁၊ အမှတ် ၂၂၂၊ ဟံသာရိပ်မွန်အိမ်ရာ
စံပယ်မာဃလမ်း၊ ဆင်မလိုက်၊ ကမာရွတ်မြို့နယ်။

http://www.linhtet.com

# ဆရာမဖို့လက်ဆောင်

(အင်တာနက်ပေါ်က ကလေးဟာသများ)

## အန်ထော်နီ

http://www.linhtet.com

စာမူခွင့်ပြုချက်အမှတ် - ၆၄၄/၂၀၀၄(၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၇၀၅/၂၀၀၄(၈)
မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော် - ထက်မိုး
ကွန်ပျူတာ - ကျော်မျိုးသိန်း
အတွင်းဖလင် - ရဲငွေး
ထုတ်ဝေသူ - ဦးအောင်စိုးမင်း၊ လင်းဦးတာရာစာပေ
အမှတ် ၇၄၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးဇော်မင်း၊ W!zard Offset
အမှတ် ၁၉၈(မြေညီထပ်)၊ ၃၃ လမ်း(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်ခြင်း - ပထမအကြိမ်၊ စက်တင်ဘာ၊ ၂၀၀၄ ခုနှစ်။
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၅၀၀ ကျပ်

http://www.linhtet.com

# မာတိကာ

**ဂျော်နီ**


အရက်သောက်ရင် - ၁၃
ဆရာမဖို့လက်ဆောင် - ၁၄
အလောင်းအစား - ၁၆
အရှည်ဆုံးမြစ် - ၁၇
ခြောက်မလို့ - ၁၈
အလာဘားမားသား - ၂၀
လွယ်တဲ့နေရာ - ၂၂
လက်လျှော့ပြီလား - ၂၄
ဂျော်နီတို့အဒေါ် 'အန်တီကာရင်' - ၂၅
အဖေ ဘာပြောတယ်ထင်လဲ - ၂၈
လက်တွေ့အသုံးချပညာ - ၃၀
ကောင်းကင်ဘုံရောက်ဖို့ - ၃၁
ဗိုက်ထဲမှာ - ၃၂
မိန်းမရတော့မယ် - ၃၄
သကြားလုံးခြောက်လုံး - ၃၅
၂ x ၃ = ? - ၃၆
ဒသမကိန်း - ၃၈
အကြိုက်ချင်းတူနေတော့ - ၃၉
ဒါပဲလုပ် - ၄၀
တကယ်လုပ်မယ့်သူတွေ - ၄၁

**ကျောင်းဝင်းထဲက ရယ်စရာအကြောင်းများ**

အပေးအယူ - ၄၇
နှုတ်ခမ်းနီ - ၄၈
မတတ်နိုင်ဘူး - ၅၀
ဝါဟာရ - ၅၂
ကျောင်းပျင်း - ၅၄
အောက်ပါကျောင်းသား - ၅၅
မခေဘူး - ၅၆
ကျောင်းစတက်ရတဲ့နေ့ - ၅၈
ကျောင်းစတက်ရတဲ့နေ့ - ၅၉
ကာမိကာဇေ - ၆၀
၉၅ မှတ် - ၆၁
အင်တာနက်ပေါ်က သူငယ်ချင်း - ၆၄
ဘဝရည်မှန်းချက် - ၆၆
တစ်ဒေါ်လာတစ်မှတ်နှုန်း - ၆၇
ဆရာအသစ်ကျပ်ချွတ်ထံမှ - ၆၈
စက်ရုပ်ဆရာ - ၇၀
ကောင်းသောနေ့ပါ - ၇၂
ဆုတောင်းပေးမယ် - ၇၄


**ကလေးစကား**

ခါတိုင်းနှင့်မတူ - ၇၇
ကြောက်သလား - ၇၈
ဘယ်သူလဲဟင် - ၈၀
သမ္မာကျမ်းထဲကပစ္စည်း - ၈၂
သဘောပေါက်ပါစေ - ၈၄

ညှံ့ရန်ကော - **၈၅**
ခေတ်ခဲမပါဘူးလား - **၈၆**
ဘာတူသလဲ - **၈၇**
အဖေတို့၊ အမေတို့ ဆံပင်ဖြူရတဲ့အကြောင်း - **၈၈**
အသိပေးရမယ် - **၉၁**
ဒီမှာ - **၉၂**
ကြောင်ဂျီးရုပ် - **၉၃**
ရေတစ်ခွက်လောက် - **၉၄**
ကြာလိုက်တာ - **၉၆**
ဗိုက်ထဲမှာလား - **၉၇**
အိမ်ပေါက်စေ့ - **၉၈**
မာမီ - **၁၀၀**
ကူညီနိုင်မလား - **၁၀၂**
ကလေးတွေဆီကရတဲ့ပညာ - **၁၀၄**
မွေးစားတယ်ဆိုမှတော့ - **၁၀၆**
ခေါင်းကိုက်ပျောက်ဆေး - **၁၀၇**
သိပြီလား - **၁၀၈**
အချစ်ဆုံးသား - **၁၁၀**
၁၂ လ၊ ၁၂ နှစ် - **၁၁၃**
ခေတ်ပုံရိုက်မယ် - **၁၁၄**
လူ့ဘဝစတဲ့အချိန် - **၁၁၅**
မောနင်းဆစ်ခနက် - **၁၁၆**
စတိုင်လ် - **၁၁၇**
တူညီဝတ်စုံ - **၁၁၈**
ရင့်ကျက်တဲ့အမေ - **၁၂၀**

http://www.linhtet.com

## ဂျော်ဇီ



http://www.linhtet.com

## အရက်သောက်ရင်

ဓာတုဗေဒဆရာက သူ့ကျောင်းသားတွေကို အရက်သောက်ခြင်းရဲ့ ဆိုးကျိုးတွေကိုသိရအောင် လက်တွေ့စမ်းသပ်မှုတစ်ခု လုပ်ပြတယ်။ သူက အရက်တစ်ခွက်၊ ရေတစ်ခွက်နဲ့ သန်ကောင်နှစ်ကောင် ယူလာတယ်။

'ကဲ တပည့်တို့ ဒီသန်ကောင်နှစ်ကောင်ကို အသေအချာ ကြည့်ထားနော်' ဆရာကပြောပြီး အရက်ခွက်ထဲကို တစ်ကောင်၊ ရေခွက်ထဲကိုတစ်ကောင် ထည့်လိုက်တယ်။

ရေခွက်ထဲကသန်ကောင်က ဂျွမ်းထိုးကခုန်ပြီး ပျော်ရွှင်နေတယ်။ အရက်ခွက်ထဲက သန်ကောင်ကတော့ တွန့်လိမ်ကောက်ကွေးပြီး ခဏနေတော့ ငြိမ်သက်သေဆုံးသွားတယ်။

'ကဲ တပည့်တို့ တွေ့ကြတယ်မဟုတ်လား။ ဒီစမ်းသပ်မှုကို ကြည့်ပြီး ဘယ်လိုသင်ခန်းစာယူနိုင်သလဲ' ဆရာက တပည့်တွေကို မေးတယ်။

ဂျော်နီက လက်ထောင်ပြီး ထဖြေတယ်။

'အရက်သောက်တဲ့လူတွေမှာ သန်ကောင်မရှိနိုင်ပါဘူး ဆရာ'

http://www.linhtet.com



## ဆရာမဖို့လက်ဆောင်

ဒီနေ့သူငယ်တန်းကျောင်းသားတွေ နောက်ဆုံး ကျောင်းတက်ရတဲ့နေ့မို့ ဆရာမအတွက် လက်ဆောင်အသီးသီး ယူလာကြတယ်။

ဆရာမက ပန်းသည်မကြီးရဲ့သားပေးတဲ့ လက်ဆောင်ထုပ်ကို မြှောက်ကြည့်ပြီးပြောတယ်။

'ဒါပန်းပွင့်တွေပဲဖြစ်ရမယ်'

'ဟုတ်တယ်၊ ဆရာမမှန်တယ်' ကျောင်းသားလေးက လက်ခုပ်တီးပြီး သြဘာပေးတယ်။

နောက်တစ်ခါ သကြားလုံးဆိုင်ပိုင်ရှင်ရဲ့သမီးပေးတဲ့ လက်ဆောင်ထုပ်ကိုလည်း ဖြေမကြည့်ဘဲ ဆရာမကပြောတယ်။

'ဒါ သကြားလုံးတွေပဲ ဖြစ်ရမယ်'

'ဟုတ်တယ်၊ ဆရာမမှန်တယ်' ကျောင်းသူလေးက လက်ခုပ်တီးပြီး ထောက်ခံတယ်။

ဒီတစ်ခါတော့ အရက်ဆိုင်ပိုင်ရှင်ရဲ့သား ဂျော်နီရဲ့ အလှည့်ပဲ။ ဆရာမက ဂျော်နီပေးတဲ့လက်ဆောင်ထုပ်ကို မြှောက်ကြည့်တယ်။ စိုနေတာတွေ့တော့ လက်နဲ့တို့ပြီး မြည်းကြည့်တယ်။

'ဒါ ဝိုင်ပုလင်း ပဲဖြစ်ရမယ်' ဆရာမက အတတ်ပြောတယ်။

http://www.linhtet.com





**'ကဲ လက်လျှော့ပြီ။ အထဲက ဘာလဲ'**

'မဟုတ်ဘူးဆရာမ' ဂျော်နီက ငြင်းတယ်။
ဆရာမက နောက်တစ်ခါ ထပ်တို့ပြီးမြည်းကြည့်တယ်။
'ဒါဆိုရင် ရှန်ပိန်'
'မဟုတ်ဘူးဆရာမ' ဂျော်နီက ထပ်ငြင်းတယ်။
'ကဲ လက်လျှော့ပြီ။ အထဲကဘာလဲ'
'ပါပီလေးပါ ဆရာမ'

http://www.linhtet.com



## အလောင်းအစား

ဂျော်နီကျောင်းအသစ်မှာ ကျောင်းတက်ရမှာမို့ သူ့ဖေဖေက ဆရာမကို လိုက်အပ်တယ်။ သားကအလောင်းအစား အလွန်ဝါသနာပါတဲ့အကြောင်းလည်း ဆရာမကို သူကသတိပေးတယ်။ ဆရာမက ကိစ္စမရှိပါဘူး၊ ဒီထက်မကဆိုးတဲ့ ကျောင်းသားတွေကိုတောင် သူကိုင်တွယ်နိုင်ပါတယ်ဆိုပြီး စိတ်ချလက်ချထားခဲ့ဖို့ ပြောတယ်။

ညနေကျောင်းဆင်းချိန်ကျတော့ သူ့ဖေဖေက ဂျော်နီကို လာကြိုရင်း အခြေအနေဘယ်လိုရှိသလဲလို့ သူ့ဆရာမကိုမေးတယ်။

'ကျွန်မ သူ့အလောင်းအစားဝါသနာကို ရိုက်ချိုးပစ်လိုက်ပြီ' ဆရာမက ပြောတယ်။ 'သူက ကျွန်မတင်ပါးမှာ မှဲ့ကြီးတစ်လုံးရှိတယ်လို့ ငါးဒေါ်လာကြေး အလောင်းအစားထပ်လာတယ်။ ခုတော့ သူ ရှုံးသွားပြီလေ'

'တောက်၊ ဒီကောင်ကွာ' ဂျော်နီ့ဖေဖေ အတော်ဒေါကန်သွားပုံရတယ်။

'ဘာဖြစ်လို့လဲရှင့်' ဆရာမ မျက်စိလည်သွားတယ်။

'မနက်က ဒီကောင် ကျုပ်နဲ့ ဒေါ်လာတစ်ရာကြေး အလောင်းအစား လုပ်သွားတယ်လေ။ ဒီနေ့ဆရာမ တင်ပါးကို သူရအောင်ကြည့်ခဲ့မယ်တဲ့'

http://www.linhtet.com



## အရှည်ဆုံးမြစ်

ဆရာက ပထဝီဘာသာသင်နေတယ်။ သူက မြစ်ကြီးတွေအကြောင်း ရှင်းပြနေရင်း အခုလိုမေးတယ်။

'ကမ္ဘာမှာ အရှည်ဆုံးမြစ်ကိုသိသလား ဂျော်နီ'

'ဆရာ မသိရင် ကျွန်တော်စာအုပ်ထဲမှာ ရှာပေးမယ်လေ' ဂျော်နီက ခပ်တည်တည်ပဲ ထဖြေတယ်။

http://www.linhtet.com





'သူက သူ့မိဘတွေကို ခြောက်မလို့တဲ့'

http://www.linhtet.com



## ခြောက်မလို့

ဂျော်နီကို အဖေကမေးတယ်။

'သား ရီပို့ကဒ်ရပြီဆို။ ကြည့်ရအောင်'

'ကျွန်တော့်ဆီမှာ မရှိဘူးအဖေ'

'ဘာလို့မရှိတာလဲ'

'ကျွန်တော့်သူငယ်ချင်းငှားသွားတယ် အဖေ။ သူက သူ့မိဘတွေကို ခြောက်မလို့တဲ့'

ဂျော်နီကတော့အေးဆေးပဲ။

---

http://www.linhtet.com



## အလာဘားမားသား

ဂျော်နီတို့မိသားစု မြို့သစ်တစ်မြို့ကိုပြောင်းလာကြတော့ ဂျော်နီလည်း ကျောင်းသစ်မှာ တတိယတန်းစတက်ရတယ်။ အတန်းပိုင်ဆရာမက သူ့တပည့်တွေကို ၁ ကနေ ၅၀ ထိဆိုခိုင်းတယ်။ကျောင်းသားအတော်များများက ၃၀၊ ၄၀ ထိ မထစ်မငေါ့ဆိုနိုင်ကြပေမယ့် ဂျော်နီကတော့ ၅၀ ကိုကျော်ပြီး ၁၀၀ ထိ လျှောခနဲ ရွတ်ပြလိုက်တယ်။

အိမ်ပြန်ရောက်တော့ ဂျော်နီက သူ့အဖေကိုကြွားတယ်။ သူ့အဖေကခေါင်းညိတ်ပြီး 'အဲဒါ သားက အလာဘားမားသားမို့ပေါ့ကွ' လို့ပြောတယ်။

နောက်တစ်နေ့မှာ အင်္ဂလိပ်စာဆရာက ကျောင်းသားတွေကို A ကနေ Z အထိဆိုခိုင်းပြန်တယ်။ တခြားကျောင်းသားတွေ အစအဆုံး မဆိုနိုင်ကြပေမယ့် ဂျော်နီကတော့ အစအဆုံး အထစ်အငေါ့မရှိ ဆိုနိုင်တယ်။ အိမ်ရောက်တော့ ဂျော်နီက သူ့ရဲ့အောင်မြင်မှုကို အဖေ့ကို ကြွားတယ်။

http://www.linhtet.com



သူ့အဖေကခေါင်းညိတ်ပြီး ‘အဲဒါ သားကအလာဘားမားသား မို့ပေါ့ကွ’ လို့ပြောပြန်တယ်။

နောက်တစ်နေ့ ကာယအချိန်အပြီးမှာ ကျောင်းသားတွေ အားလုံးစုပြီး ရေချိုးကြတယ်။ အဲဒီမှာ တခြားကျောင်းသားတွေ ထက်စာရင် သူ့ကိုယ်ပေါ်မှာ အမွေးအမှင်တွေ ဆယ်ဆလောက် ထူထူထဲထဲ ဖြစ်နေတာကို ဂျော်နီသတိထားမိတယ်။


အိမ်ပြန်ရောက်တော့ အဲဒီအကြောင်းသူ့အဖေကို ဂျော်နီ မေးကြည့်တယ်။

‘သူတို့မှာ ဘာအမွေးအမှင်မှ သိပ်မရှိပေမယ့် ကျွန်တော့် ကိုယ်ခန္ဓာမှာတော့ အများကြီးပဲ အဖေ။ အဲဒါကော အလာဘားမားသားမို့လို့ပဲလား’

‘မဟုတ်ဘူး၊ မဟုတ်ဘူး။ ဒါကတော့ မင်းအသက်က ၁၈ နှစ်ရှိပြီမို့လို့ပေါ့ကွ’ လို့ သူ့အဖေက ပျာပျာသလဲရှင်းပြတယ်။

http://www.linhtet.com






'ကျွန်တော်တို့ တကယ်ရောက်ခဲ့တာက L.A ကိုပါဆရာမ'

http://www.linhtet.com



## လွယ်တဲ့နေရာ

နွေရာသီကျောင်းပိတ်ရက်မှာ မိသားစုနဲ့အတူ ဘယ်ကို ခရီးထွက်ခဲ့သလဲလို့ ဆရာမက ဂျော်နီကိုမေးတယ်။

'ကျွန်တော်တို့အဖွားနေတဲ့ မင်နီဆိုတာပြည်နယ်၊ မင်နီပိုလစ်မြို့ကို သွားခဲ့ပါတယ်'လို့ဂျော်နီက တက်တက်ကြွကြွနဲ့ဖြေတယ်။

'ဟုတ်လား၊ သိပ်ကောင်းတာပဲ။ သွားရောက်ခဲ့တဲ့နေရာကို တစ်တန်းလုံးသိရအောင် ရှေ့မှာထွက်ရေးပြပါဦး'

'ကျွန်တော်တို့ တကယ်ရောက်ခဲ့တာက **L.A** ကိုပါဆရာမ' ဂျော်နီက မြန်မြန်ပြင်ပြောတယ်။

---

http://www.linhtet.com



## လက်လျှော့ပြီလား

မျက်နှာကိုပေါင်းတင်တဲ့ဆေးရည်တွေနဲ့ လိမ်းကျံနေတဲ့ အမေကို စိတ်ဝင်တစားကြည့်ရင်း ဂျော်နီက မေးတယ်။

'အမေ ဘာလို့အဲဒါတွေလိမ်းနေတာလဲ'

'လှအောင်လို့ပေါ့ သားရဲ့'

နောက်မိနစ်အနည်းငယ်ကြာတော့ မျက်နှာပေါ်က ဆေးတွေကို ဖျက်ပစ်နေတဲ့ အမေကိုကြည့်ရင်း ဂျော်နီက ထပ်မေးတယ်။

'ဘာဖြစ်လို့လဲအမေ၊ လက်လျှော့လိုက်ပြီလား'

http://www.linhtet.com



## ဂျော်နီတို့ အဒေါ် "အန်တီကာရင်"

ဆရာကသင်္ချာတပုစ္ဆာ ငါးတန်းကျောင်းသားတွေကို အိမ်စာတစ်ခု ပေးလိုက်တယ်။အိမ်ရောက်ရင် လူကြီးတွေကို သင်ခန်းစာယူစရာ ဇာတ်လမ်းတစ်ပုဒ်စီ ပြောပြခိုင်းကြ။ နောက်တစ်နေ့ ကျောင်းရောက်ရင် ပြန်ပြောပြရမယ်လို့ မှာလိုက်တယ်။

နောက်တစ်နေ့ကျ ကေသီက သူ့ဇာတ်လမ်းကိုခုလိုပြောတယ်။ 'ကျွန်မတို့အိမ်မှာ ဥစားကြက်တွေမွေးထားတယ်။ တစ်နေ့မှာ ကြက်ဥတွေကို ခြင်းကြီးတစ်ခုထဲထည့်ပြီး ဈေးကိုသွားပို့တယ်။ လမ်းမှာ ကားခုန်တော့ ကြက်ဥတွေအားလုံးကွဲကုန်ပြီး ညစ်ပေကုန်တယ်'

'အဲဒီအဖြစ်အပျက်ကနေ ဘယ်လို သင်ခန်းစာယူနိုင်မလဲ ကေသီ' ဆရာကမေးတယ်။

'*ကြက်ဥအားလုံးကို ခြင်းတစ်ခုထဲမှာ စုပြုံမထည့်ပါနှင့်ဆိုတဲ့* သင်ခန်းစာတစ်ခု ရပါတယ်ရှင့်'

http://www.linhtet.com



'သိပ်ကောင်းတယ်။ ကဲ အခု လူစီ့အလှည့်'

'ကျွန်မတို့အိမ်မှာလည်း ကြက်တွေမွေးပါတယ်။ ဒါပေမယ့် ကျွန်မတို့က ဥတွေကိုရောင်းမစားဘဲ အကောင်ဖောက်တယ်။ တစ်ခါတော့ ကြက်မက ဥတစ်ဒါဇင်ဥထားတာ တွေ့ရတယ်။ ဒါပေမယ့် အကောင်ပေါက်လာတော့ ၁၀ ကောင်ပဲ အရှင်ရတယ်။ ဒီအဖြစ်အပျက်ကနေ ရလိုက်တဲ့သင်ခန်းစာကတော့ *ကြက်ဥတွေကို အကောင်မပေါက်ခင် ဘယ်တော့မှ ကြိုမရေပါနဲ့*ဆိုတာပါပဲ'

'ဒါလည်း သင်ခန်းစာကောင်းတစ်ခုပါပဲ' ဆရာမက ချီးကျူးတယ်။ 'ကဲ . . . အခုဂျော်နီကကော ဘယ်လိုဇာတ်လမ်းမျိုး ပြောဖို့ရှိသလဲ ဆိုစမ်းပါဦး'

'ဟုတ်ကဲ့။ ကျွန်တော့် ဖေဖေကတော့ အန်တီကာရင်ရဲ့ အကြောင်းကို ပြောပါတယ်။ အန်တီက ကန္တာရမုန်တိုင်းစစ်ဆင်ရေးတုန်းက ပျံသန်းရေးအင်ဂျင်နီယာတစ်ဦးပေါ့။ တစ်နေ့တော့ သူတို့လေယာဉ် ပစ်ချခံရတယ်။ သူဟာ လေယာဉ်ထဲက အချိန်မီ ခုန်ထွက်နိုင်ခဲ့ပေမယ့် ရန်သူနယ်မြေထဲကို ရောက်သွားတယ်။ သူနဲ့အတူ ဝီစကီတစ်လုံး၊ စက်သေနတ်တစ်လက်နဲ့ ဓားမြှောင်တစ်ချောင်း ပါသွားတယ်။ အန်တီကာရင်ဟာ မြေပြင်ပေါ်မရောက်ခင် လေထဲမှာတင်ပဲ ဝီစကီတစ်ပုလင်းကို ကုန်အောင်သောက်ပြီး လွှင့်ပစ်လိုက်တယ်။ ပုလင်းကွဲပြီး ထိမှာ၊ ရှမှာ မပူရတော့ဘူးပေါ့။ ပြီးတော့ ရန်သူစစ်သားတစ်ရာရဲ့အလယ်တည့်တည့်ကို တန်းတန်းမတ်မတ်ကျသွားတော့တယ်။ မြေပြင်ပေါ်ရောက်တာနဲ့တစ်ပြိုင်နက် သူ့မှာပါလာတဲ့ စက်သေနတ်နဲ့ ရန်သူတွေကို မနားတမ်းပစ်ထည့်လိုက်တာ ရန်သူ ၇၀ ကျသွားတယ်။ နောက်ထပ် ရန်သူစစ်သား ၂၀ ကို ဓားမြှောင်နဲ့ ထိုးခုတ်သတ်ပစ်လိုက်တယ်။ပြီးတော့ နောက်ဆုံးကျန်တဲ့ ရန်သူ

http://www.linhtet.com



စစ်သား ၁၀ ယောက်ကိုတော့ လက်ချည်းသက်သက်နဲ့ သတ်ပစ်လိုက်တယ်'

'ကြောက်စရာကောင်းလိုက်တာ' ဆရာက အထိတ်တလန့်နဲ့ ပြောတယ်။

'ဒါနဲ့ ဒီအဖြစ်အပျက်ကနေ ဘယ်လို သင်ခန်းစာယူနိုင်တယ်လို့ သားရဲ့ဖေဖေကပြောသလဲ'

'အန်တီကာရင်မူးနေရင် ရန်သွားမစနဲ့'

---

http://www.linhtet.com



## အဖေဘာပြောတယ်ထင်လဲ

'အမေ ကျွန်တော့်ကို ဒေါ်လာ ၂၀ ပေးမလား' ဂျော်နီက သူ့အမေကို အသံခပ်မာမာနဲ့မေးတယ်။

'မပေးဘူး။ ဘာလို့ပေးရမှာလဲ'

'မပေးရင်နေပေ့ါ။ ဒါဆို အမေ အလှပြင်ဆိုင်သွားတုန်းက အိမ်ဖော်မလေးကို အဖေဘာပြောတယ်ဆိုတာ ပြောမပြတော့ဘူး'

သူ့အမေ နားရွက်ထောင်သွားတယ်။ ပြီးတော့ သူ့ပိုက်ဆံအိတ်ကို ကမန်းကတန်းဖွင့်ပြီး ဂျော်နီ့ကို ပိုက်ဆံကမ်းပေးလိုက်တယ်။

'ကဲ ပြော။ မင်းအဖေဘာပြောလဲ'

'အဖေကပြောတယ်။ *ဟေ့ ဂျူလီယာ၊ မနက်ဖြန် ငါ့ခြေစွပ်တွေ အသေအချာလျှော်ထားနော်တဲ့*'

http://www.linhtet.com





'ဟေ့ ဂျူလီယာ၊ မနက်ဖြန် ငါ့ခြေအိတ်တွေကို အသေအချာ လျှော်ထားနော်'

http://www.linhtet.com



## လက်တွေ့အသုံးချပညာ

မုန့်မှာထားတဲ့အိမ်တစ်အိမ်ကို ဂျော်နီ ပီဇာမုန့်သွားပို့ရတယ်။

'ဘောက်ဆူး ဘယ်လောက်ပေးရမလဲ' မုန့်လက်ခံတဲ့လူကြီးက အသံခပ်အစ်အစ်နဲ့ မေးတယ်။

'ကျွန်တော်က အခုမှပထမဆုံးအကြိမ်အိမ်ကို ပို့ပေးဖူးတာပါ။ ဟိုကောင်တွေကတော့ ဦးလေးဆီက ငွေတစ်မတ်ဆုကြေးရရင် မင်းသိပ်တော်လို့ပဲလို့ ပြောလိုက်တယ်' ဂျော်နီက ခပ်ရှိ့ရှိ့ပြန်ဖြေတယ်။

'ဟုတ်သလား။ အခု ငါက မင်းကို ငါးဒေါ်လာ'တစ်'ပေးလိုက်မယ်ကွာ'

'ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ဒီပိုက်ဆံကို ကျွန်တော်တို့အဖွဲ့ရဲ့ စုငွေထဲကို ထည့်လိုက်ပါ့မယ်'

'ဒါနဲ့ ငါတူက ကျောင်းမှာဘာတွေသင်နေသလဲ'လူကြီးက စပ်စုတယ်။

'အသုံးချစိတ်ပညာပါ' ဖြေပြီးတာနဲ့ ဂျော်နီ လှည့်ပြန်လာခဲ့တယ်။

http://www.linhtet.com



## ကောင်းကင်ဘုံရောက်ဖို့

ဘုန်းတော်ကြီးက ကလေးတစ်သိုက်ကို တရားဟောဆုံးမနေတယ်။ ကောင်းကောင်းမွန်မွန် နေထိုင်ကြဖို့နဲ့ အဲဒီလိုနေရင် ကောင်းကင်ဘုံရောက်မယ်လို့ သူက ဆိုတယ်။ တရားဟောအပြီးမှာ ဘုန်းတော်ကြီးက ကလေးပရိသတ်ကို မေးခွန်းထုတ်တယ်။

'ကလေးတို့ ဘယ်ကိုသွားချင်ကြသလဲ'

'ကောင်းကင်ဘုံကိုပါ' ဆူဇီက သွက်သွက်လက်လက်ဖြေတယ်။

'အဲဒီကိုရောက်ဖို့ ဘယ်လိုနေမရလဲ' ဘုန်းတော်ကြီးက တစ်ဆင့်တက်ပြီး မေးတယ်။

ဒီတစ်ခါတော့ ဂျော်နီက ထအော်တယ်

'မြေအောက်ခြောက်ပေ အနက်မှာပါ'

http://www.linhtet.com



## ဗိုက်ထဲမှာ

ဥယျာဉ်ထဲမှာ တစ်ခုခုကိုမြေဖို့နေတဲ့ မေရီကို ဂျော်နီ မြင်သွားတယ်။ မျက်လုံးတွေမှိုပြီး ငိုထားတဲ့ပုံပေါက်နေတဲ့ မေရီကို စူးစမ်းချင်စိတ်နဲ့ သူမေးကြည့်တယ်။

'ဘာလုပ်နေတာလဲ မေရီ'


'ငါ့ရွှေငါးလေး သေသွားလို့ သူ့ကိုမြေမြှုပ်နေတာ' မေရီက မော့မကြည့်ဘဲနဲ့ ပြောတယ်။

'အို ဟုတ်လား။ ရွှေငါးလေးကိုမြေမြှုပ်တာ ကျင်းကအကြီးကြီးပါလား' ဂျော်နီ့အသံက ကရုဏာသံနဲ့ အံ့သြဟန် ရောစွက်နေတယ်။

'ဟုတ်တယ်။ ငါ့ရွှေငါးက နင့်ကြောင်ရဲ့ဗိုက်ထဲမှာလေ' မေရီက နောက်ဆုံးမြေကြီးတစ်ဆုပ်ကိုဖို့ရင်း ဖြေလိုက်တယ်။

http://www.linhtet.com





'ငါ့ရွှေငါးက နင့်ကြောင်ရဲ့ဗိုက်ထဲမှာလေ'

http://www.linhtet.com



## မိန်းမရတော့မယ်

ဘုရားကျောင်းကဖွင့်တဲ့ တနင်္ဂနွေသင်တန်းတစ်ခုကို ဂျော်နီ တက်နေတယ်။ သူတို့က ကမ္ဘာကြီးကို ဘုရားသခင်က ဘယ်လို ဖန်ဆင်းခဲ့တယ်ဆိုတာ ပြောပြတယ်။ အာဒမ်ရဲ့ နံရိုးတစ်ချောင်းကို ထုတ်ပြီး ဧဝကို ဖန်ဆင်းခဲ့တဲ့အကြောင်းလည်း ပြောပြတယ်။

နောက်တစ်ရက် ဂျော်နီအိပ်ရာထဲမှာ ခွေနေတာကို သူ့အမေ တွေ့ရတယ်။

'ဂျော်နီ ဘာဖြစ်လို့လဲ'

'ရင်ဘတ်ထဲကအောင့်တယ် အမေ။ ကျွန်တော်တော့ မိန်းမ ရတော့မယ်ထင်တယ်' ဂျော်နီက သူခံစားနေရတဲ့ဝေဒနာကို ဖွင့်ဟ တယ်။

http://www.linhtet.com



## သကြားလုံးခြောက်လုံး

ဂျော်နီ ပန်းခြံထဲကထိုင်ခုံတစ်ခုံမှာထိုင်ရင်း သကြားလုံးတွေ တစ်လုံးပြီး တစ်လုံးစားနေတယ်။ သူနဲ့မျက်နှာချင်းဆိုင်မှာ ထိုင်နေတဲ့ လူကြီးတစ်ယောက်က မနေနိုင် မထိုင်နိုင် သတိပေးတယ်။

'သားလေး၊ သကြားလုံးတွေအများကြီးစားတာ မကောင်းဘူးနော်။ ဝက်ခြံတွေ ပေါက်တတ်တယ်၊ သွားပိုးလည်း စားတယ်။ ပြီးတော့ သား ဖက်တီးပုတ်ဖြစ်လာလိမ့်မယ်'

'ဟင်၊ ကျွန်တော့်အဖိုးဆို အသက် ၁၀၇ နှစ်ထိ နေသွားရတာပဲ' ဂျော်နီက ဆင်ခြေပေးတယ်။

'သားတို့ဖိုးဖိုးက သကြားလုံးခြောက်လုံးကို တစ်ထိုင်တည်း စားတာပဲလား' လူကြီးက မေးတယ်။

'ဟင့်အင်း၊ အဖိုးက သူ့ကိစ္စသူလုပ်တာပေါ့'

http://www.linhtet.com



## ၂ x ၃ = ?

ဂျော်နီကဒီနေ့ သူကျောင်းမှာ(×)အမှားတစ်ခုရတဲ့အကြောင်း သူ့အဖေကို ပြောတယ်။

'ဘာဖြစ်လို့လဲ။ ဘာမှားတာလဲ' အဖေက ပြန်မေးတယ်။

'ဆရာမက မေးတယ်။ ၃ နဲ့ ၂ မြှောက်ရင် ဘယ်လောက် ရမလဲတဲ့။ ကျွန်တော်က ခြောက်ရတယ်လို့ ဖြေလိုက်တယ်'

'အဲဒါ မှန်တာပဲလေ'


'သူက ထပ်မေးတယ်။ ၂ နဲ့ ၃ မြှောက်ရင် ဘယ်လောက်ရ မလဲတဲ့'

'ဟ၊ ဒီ ×× ပုစ္ဆာနှစ်ပုဒ်က ဘာကွာလို့လဲကွ'

'ဟုတ်တယ်။ ကျွန်တော်လည်း အဲဒီအတိုင်းပြောခဲ့တာပဲ'

http://www.linhtet.com





http://www.linhtet.com



## ဒဿမကိန်း

ဆရာမက ဒဿမကိန်းတွေရဲ့အကြောင်း သင်နေတယ်။ သူက ကျောက်သင်ပုန်းပေါ်မှာ ၁၀. ၉ လို့ ချရေးပြပြီးမှ ဒဿမ (.)ကို ဖျက်ပစ်လိုက်တယ်။

'ကဲ ဂျော်နီ၊ အခု ဒဿမဘယ်ရောက်သွားပြီလဲ'

ဂျော်နီက မဆိုင်းမတွဘဲ ချက်ချင်းထဖြေတယ်။

'ဘောဖျက်မှာပါသွားပြီ ဆရာမ'

http://www.linhtet.com



## အကြိုက်ချင်းတူနေတော့

တစ်နေ့ ဂျော်နီရဲ့အမေဟာ ဂျော်နီ့အခန်းကိုရှင်းရင်းနဲ့ အိမ်သာခန်းထဲမှာ ကာလသားကြိုက်မဂ္ဂဇင်းတစ်စောင် သွားတွေ့တယ်။ သူမ အတော်လေးစိတ်လှုပ်ရှားသွားပြီး စာအုပ်ကိုဖွက်ထားလိုက်တယ်။ ဂျော်နီ့အဖေ အိမ်ပြန်လာတာနဲ့တစ်ပြိုင်နက် စာအုပ်ကို ဒေါသတကြီး ကမ်းပေးလိုက်ရင်း ပြောတယ်။

'ဒီမှာ ဒီစာအုပ်ကို ရှင့်သားရဲ့အိမ်သာခန်းထဲကတွေ့တာ'

အဖေက စာအုပ်ကိုယူကြည့်ပြီး ဘာတစ်ခွန်းမှမပြောဘဲ ပြန်ပေးတယ်။ အချိန်အတော်လေးကြာသွားတော့ အမေက မအောင့်နိုင်တော့ဘူး။

'ကဲ၊ အဲဒီကိစ္စဘယ်လိုလုပ်ကြမလဲ။ ပြောစမ်းပါဦး'

'အင်း၊ ဒီကိစ္စနဲ့ပတ်သက်လို့ကတော့ မင်း သူ့ကို ရိုက်မောင်းပုတ်မောင်း မလုပ်သင့်ဘူးထင်တာပဲ' အဖေက စဉ်းစဉ်းစားစားနဲ့ ပြောတယ်။

---

http://www.linhtet.com



# ဒါပဲလုပ်

ဆရာက စီးပွားရေးလုပ်ငန်းကြီးတွေနဲ့ သူတို့ လက်ကိုင်ထားတဲ့ ဆောင်ပုဒ်တွေအကြောင်း သင်ပြီးတဲ့နောက် သူ့တပည့်တွေ ဘယ်လောက်မှတ်မိသလဲဆိုတာ ပြန်မေးကြည့်တယ်။

'ဂျိုး ဖြေပါဦး။ *ခင်မင်ဖော်ရွေတဲ့ ကောင်းကင်ရင်ခွင်ဆီကို ပျံသန်းလာခဲ့ပါ*ဆိုတာ ဘယ်ကုမ္ပဏီရဲ့ဆောင်ပုဒ်လဲ'

ဂျိုးက အဲဒီဆောင်ပုဒ်ကို လက်ကိုင်ထားတဲ့ လေယာဉ်ကုမ္ပဏီရဲ့ အမည်ကို မှန်အောင်ဖြေနိုင်တယ်။

'လင်ဒါဖြေပါဦး။ *သူ မပါဘဲ အိမ်ကနေဘယ်မှမသွားပါနဲ့* ဆိုတာက ဘယ်ကုမ္ပဏီရဲ့ဆောင်ပုဒ်လဲ'

လင်ဒါက အကြွေးဝယ်ကဒ်ပြားတွေထုတ်တဲ့ ဘဏ်ရဲ့နာမည် ကို မှန်အောင်ဖြေနိုင်တယ်။

'ကဲ ဒီတစ်ခါတော့ ဂျော်နီ့အလှည့်ပဲ။ *ဒါပဲလုပ်*ဆိုတဲ့ ဆောင်ပုဒ်ကကော ဘယ်ကုမ္ပဏီရဲ့ဆောင်ပုဒ်လဲ။ မှန်အောင်ဖြေပါ'

ဂျော်နီက သွက်သွက်လက်လက် ထဖြေတယ်

'မာမီပါ'

---

http://www.linhtet.com



## တကယ်လုပ်မယ့်သူတွေ


သားတော်မောင်ဂျော်နီ သင်္ချာညံ့လွန်းလို့ မိဘတွေ စိတ်ညစ်နေကြတယ်။ ကျူရှင်ဆရာပေါင်းစုံသာမက ဗေဒင်ဆရာတွေဆီ၊ နတ်ကတော်တွေဆီအထိလည်း ရောက်ပြီးပြီ။ ဂျော်နီရဲ့အခြေအနေ တိုးတက်မလာဘူး။ နောက်ဆုံးတော့ မိတ်ဆွေတစ်ယောက်ရဲ့ အကြံပေးချက်အရ ခရစ်ယာန်ကက်သလစ်ကျောင်းတစ်ခုက ဖွင့်ထားတဲ့ ကျောင်းကို ပို့လိုက်တယ်။

ထူးခြားမှုက ပထမဆုံး ကျောင်းကပြန်လာတဲ့နေ့မှာ စတယ်။ ခါတိုင်း အကစားမက်တဲ့ဂျော်နီဟာ ကျောင်းကပြန်ရောက်တာနဲ့ သူ့အခန်းထဲကို တန်းတန်းမတ်မတ်ဝင်သွားပြီး သင်္ချာပုစ္ဆာတွေနဲ့ နပမ်းလုံးတော့တယ်။ ထမင်းစားပြီးတော့လည်း စာကြည့်စားပွဲကို ချက်ချင်းပြန်ထိုင်တာ ညအိပ်ချိန်အထိပဲ။ ဒီလိုနဲ့ နေ့စဉ်ရက်ဆက် ကြိုးစားနေလိုက်တာ နောက်တစ်လ လပတ်စာမေးပွဲဖြေပြီးချိန်မှာတော့ သချာ်ဘာသာမှာ 'အေ'အဆင့်ရတဲ့ သားတော်မောင်ရဲ့တိုးတက်မှု ကို မယုံနိုင်စရာ တွေ့လိုက်ကြရတယ်။

အံ့သြဝမ်းသာနေတဲ့ အဖေနဲ့အမေက ဂျော်နီရဲ့အခန်းထဲထိ လိုက်ပြီး စကားပြောကြတယ်။

http://www.linhtet.com





'အဲဒီပုံကို တွေ့လိုက်ကတည်းက ဒီကျောင်းက
တကယ်လုပ်မယ့်ကျောင်းဆိုတာ သိသာတယ်လေ'

http://www.linhtet.com



'သားအခုလို 'အေ'အဆင့်ရအောင် တိုးတက်လာတာ သီလ ရှင်တွေကြောင့်လား' အမေက တအံ့တသြနဲ့ မေးတယ်။

'မဟုတ်ဘူး'

'ဒါဆိုအနီးကပ်သင်ပေးတဲ့ဆရာမကြောင့်လား' အဖေက ဝင် မေးတယ်။

'မဟုတ်ဘူး'

'စာအုပ်တွေကြောင့်လား'

'မဟုတ်ဘူး'

'သင်ပုံသင်နည်းကောင်းလို့လား'

'မဟုတ်ဘူး'

'ဒါဆို ဘာကြောင့်လဲ' အဖေနဲ့အမေက ဂျော်နီကို တစ်ယောက် တစ်လှည့် ဝိုင်းမေးနေကြတယ်။


'တစ်ခုမှမဟုတ်ဘူး' ဂျော်နီက သူ'အေ' အဆင့်ရတဲ့အကြောင်း ကို အခုလို ရှင်းပြတယ်။

'ကျောင်းကို စရောက်တဲ့နေ့က အဝင်ဝမှာချိတ်ထားတဲ့ ပုံ တစ် ပုံကို တွေ့တယ်မဟုတ်လား။ လက်ဝါးကပ်တိုင်မှာ သံရိုက်ခံထား ရတဲ့ လူတစ်ယောက်ရဲ့ပုံလေ။ အဲဒီပုံကို တွေ့လိုက်ကတည်းက ဒီကျောင်းက တကယ်လုပ်မယ့်ကျောင်းဆိုတာ သိသာတယ်လေ'

---

http://www.linhtet.com

## ကျောင်းဝင်းထဲက ရယ်စရာအကြောင်းများ



http://www.linhtet.com

## အပေးအယူ

အမြော်အမြင်ကြီးတဲ့ ကျောင်းဆရာတစ်ယောက်ဟာ ကျောင်းစဖွင့်တဲ့နေ့မှာပဲ သူ့တပည့်တွေရဲ့ မိဘတွေဆီကို အောက်ပါ စာတစ်စောင်ဆီ ပို့လိုက်တယ်။

'ကျောင်းမှာ ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေနဲ့ ပတ်သက်လို့ သင့်ကလေး ပြောတိုင်း မယုံကြည်ပါဘူးလို့ ကတိပေးရင် အိမ်မှာ ဘာတွေဖြစ်လာတယ်ဆိုတာ သူပြောတိုင်းမယုံကြည်ဖို့ ကျွန်တော်ကတိပေးတယ်'

http://www.linhtet.com





'အဲဒီနေ့ကစလို့ မှန်တွေပေါ်မှာ ဘာနှုတ်ခမ်းရာမှ မတွေ့ရတော့ဘူး'

http://www.linhtet.com



## နှုတ်ခမ်းနီ

အလယ်တန်းကျောင်းတစ်ကျောင်းမှာ မြီးကောက်ပေါက်ကျောင်းသူတွေကြောင့် ဆရာမကြီး ခေါင်းခဲနေရတယ်။ ကျောင်းသူတွေဟာ ရေအိမ်ခန်းတွေထဲသွားပြီး အလှတွေပြင်ကြ၊ နှုတ်ခမ်းနီတွေ ဆိုးကြတယ်။ ပြဿနာက သူတို့ဟာ နှုတ်ခမ်းဆေးဆိုးပြီးရင် ကြည့်မှန်ပေါ်မှာ သူတို့ရဲ့နှုတ်ခမ်းရာတွေ ချန်ထားရစ်ခဲ့ကြတာပဲဖြစ်တယ်။ ဒါကြောင့်ရေအိမ်တွေက ကြည့်မှန်တွေမှာ သူတို့ရဲ့ နှုတ်ခမ်းတွေ ဒါဇင်ပေါင်းများစွာနဲ့ စွန်းထင်းနေတယ်။

တစ်နေ့တော့ ကျောင်းအုပ်ဆရာမကြီးက ကျောင်းသူတွေ အားလုံးကို ရေအိမ်ဆီခေါ်လိုက်တယ်။ သူတို့ဖိကပ်ထားတဲ့ နှုတ်ခမ်းရာတွေကိုပြပြီး ဒါတွေကို နေ့စဉ်သန့်ရှင်းရေးလုပ်ရတဲ့ ဝန်ထမ်းတွေ ဘယ်လောက်ပင်ပန်းတဲ့အကြောင်း ပြောပြတယ်။ ပြီးတော့ သန့်ရှင်းရေးဝန်ထမ်းတစ်ယောက်ကိုခေါ်ပြီး သူတို့ နှုတ်ခမ်းနီတွေကို ဖျက်ရတာ ဘယ်လောက်ခက်ခဲတဲ့အကြောင်း လက်တွေ့ပြသစေတယ်။

သန့်ရှင်းရေးသမားက သူ့ရဲ့ကြမ်းတိုက်တုတ်ကြီးကို အိမ်သာအိုးထဲနှစ်ပြီး ရေစွတ်လိုက်တယ်။ ပြီးတော့ မှန်တစ်ချပ်ကို ပွတ်တိုက်သန့်ရှင်းတယ်။ အဲဒီနေ့ကစလို့ မှန်တွေပေါ်မှာ ဘာနှုတ်ခမ်းရာမှ မတွေ့ရတော့ဘူး။

http://www.linhtet.com



## မတတ်နိုင်ဘူး

တစ်နေ့တော့ ဘုရားသခင်ဟာ ကောင်းကင်ဘုံမှာနေရတာ ငြီး ငွေ့လာတာကြောင့် ကမ္ဘာမြေပေါ် ကိုဆင်းပြီး ဟိုဟိုဒီဒီ လျှောက် ကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါနဲ့ဘုရားသခင်ဟာ လမ်းတစ်လမ်း မှာလျှောက်လာရင်း ငိုကြွေးနေတဲ့လူတစ်ယောက်ကို တွေ့တယ်။ 'ဘာဖြစ်လို့ ငိုကြွေးနေရသလဲ သားတော်' ဘုရားသခင်က မေးကြည့် တော့ ငိုကြွေးနေသူက သူဟာမွေးကတည်းက မျက်စိမမြင်တဲ့ အကြောင်း၊ အင်မတန်လှပါတယ်ဆိုတဲ့ ညနေဆည်းဆာချိန်ကို သူ မမြင်ဖူးကြောင်း ပြောပြတယ်။ ဘုရားသခင်က အဲဒီလူရဲ့မျက်လုံး ကို လက်နဲ့ပွတ်သပ်ပေးလိုက်တယ်။ အဲဒီလူ မျက်စိအလင်းရသွား ပြီး ပျော်ရွှင်သွားတယ်။

http://www.linhtet.com

## ၅၁ အန်ထော်နီ

ဘုရားသခင် လမ်းဆက်လျှောက်လာရင်း ငိုကြွေးနေတဲ့ လူတစ်ယောက်ကို တွေ့တယ်။ 'ဘာဖြစ်လို့ ငိုကြွေးနေရသလဲ သားတော်'လို့ ဘုရားသခင်က မေးကြည့်တော့ ငိုကြွေးနေသူက သူဟာ မွေးကတည်းက ခြေထောက်မသန်တဲ့အကြောင်း၊ လမ်းမလျှောက်နိုင်ကြောင်းပြောပြတယ်။ ဘုရားသခင်က သူ့ခြေထောက်ကို လက်နဲ့ ပွတ်သပ်ပေးလိုက်တယ်။ အဲဒီလူ ခြေထောက်ကောင်းသွားပြီး ပျော်ရွှင်သွားတယ်။

ဘုရားသခင် လမ်းဆက်လျှောက်လာရင်း ငိုကြွေးနေတဲ့ လူတစ်ယောက်ကို တွေ့ရပြန်တယ်။ 'ဘာဖြစ်လို့ ငိုကြွေးနေရသလဲ သားတော်' ဘုရားသခင်က မေးကြည့်တော့ အဲဒီလူက ရှင်းပြတယ်။ 'ကျွန်တော့်နာမည်က ပေါလ်ပါ။ ပညာရေးကော်မတီမှာ အလုပ်လုပ်ပါတယ်'

ဘုရားသခင်နဲ့ အဲဒီလူတို့ စကားပြောရင်း ခဏကြာတော့ ဘုရားသခင်လည်း သူနဲ့အတူရောပြီး ငိုကြွေးနေတာကို တွေ့ရတော့တယ်။

http://www.linhtet.com



## ဝေါဟာရ

ဝေါဟာရကြွယ်ဝမှုရဲ့ အရေးပါပုံကို ဆရာက ပြောပြနေတယ်။

'ဝေါဟာရကြွယ်ဝမှုဟာ မင်းတို့ဘဝတစ်လျှောက်လုံးအတွက် အရေးပါတဲ့အရာတစ်ခု ဖြစ်တယ်။ ကဲ စကားလုံးတစ်လုံးကို ဆယ်ကြိမ်သုံးပြစမ်းပါ' ဆရာက သူ့တပည့်တွေထဲက ဘယ်သူများ ဖြေနိုင်မလဲလို့ စမ်းလိုက်တယ်။


ကျောင်းသားတွေအားလုံး ငြိမ်သွားပြီး ခဏအကြာမှာတော့ စာသင်ခန်းနောက်နားက ကျောင်းသားတစ်ယောက်ဆီက အသံစူးစူးနဲ့ သီချင်းဆိုသလို တေးသွားနဲ့အော်လိုက်တဲ့အသံ ထွက်လာတယ်။

'ကေသီ. . . ကေသီ . . . ကေသီ . .<br>
ကေသီ . . . ကေသီ . . . ကေသီ . . .<br>
ကေသီ. . . ကေသီ. . . ကေသီ. . . ကေသီ'

---

http://www.linhtet.com





http://www.linhtet.com



## ကျောင်းပျင်း

တစ်မနက်မှာပေါ့။ အမေက သားကို အိပ်ရာကသွားနှိုးတယ်။

'ဟဲ့သား၊ ထ ထ။ ကျောင်းသွားရတော့မယ်'

'ကျွန်တော် ကျောင်းမသွားချင်ဘူးအမေ'

'ဘာလို့ မသွားချင်ရမှာလဲ။ မသွားချင်ရတဲ့အကြောင်း နှစ်ခုလောက် ငါ့ကိုပြောစမ်း'

'ကောင်းပြီ ။ တစ်အချက် ကလေးတွေက ကျွန်တော့်ကို မုန်းကြတယ်။ နှစ်အချက် ဆရာ၊ ဆရာမတွေကလည်း ကျွန်တော့်ကို မုန်းကြတယ်'

'ဟဲ့၊ အဲဒါ ကျောင်းပျက်ရမယ့်ဆင်ခြေတွေမှ မဟုတ်တာ။ အခု ထ၊ အသင့်ပြင်။ ကျောင်းသွားရမယ်'

'ဒါဆို ဘာလို့ ကျွန်တော် ကျောင်းသွားရမယ်ဆိုတာ အကြောင်း ပြချက် နှစ်ခုလောက်ပေးပါ'

'ပြောရတာပေါ့။ တစ်အချက် မင်းအသက်က ၅၂ နှစ်ရှိပြီ။ နှစ် အချက် မင်းက ကျောင်းအုပ်ဆရာကြီး ဖြစ်နေပြီလေ။ ကဲ'

http://www.linhtet.com



## အောက်ပါကျောင်းသား

နေ့လယ် ထမင်းစားဆင်းချိန်မှာ ဆရာမကသူ့တပည့်တွေရဲ့ အဖြေလွှာတွေကို စစ်နေတယ်။ အဲဒီအချိန်မှာပဲ အဲလစ် အခန်းထဲ ဝင်လာပြီး ဆရာမကို သတင်းပို့တယ်။

'ဆရာမ၊ ဂျွန် ကျောင်းအုပ်ကြီးရုံးခန်းကို သွားရလိမ့်မယ်'

'ဘာဖြစ်လို့လဲကွဲ့' ဆရာမက ဘာပြဿနာများ ဖြစ်လို့ပါလိမ့် လို့တွေးရင်း မေးတယ်။

'ဘာဖြစ်လို့လဲဆိုတော့ သူက အောက်ပါကျောင်းသားမို့လို့ပေါ့ ဆရာမရဲ့'

'ဘာလဲကွဲ့။ အောက်ပါကျောင်းသားဆိုတာ'

'အသံချဲ့စက်က ခုလေးတင်ပဲ ကြေညာသွားတာလေ။အောက် *ပါ ကျောင်းသားတွေ ရုံးခန်းကိုအခုလာခဲ့ကြပါတဲ့*'

http://www.linhtet.com



## မခေဘူး


ဒေးဗစ် ဒုတိယတန်းရောက်နေပြီ။ ဘယ်တုန်းကမှ အမှတ်ကောင်းကောင်း၊ အဆင့်ကောင်းကောင်း မရခဲ့ဖူးဘူး။ ခပ်ညံ့ညံ့ ခပ်နုံ နုံ ကျောင်းသားတစ်ယောက်လို့ အားလုံးက မှတ်ယူထားတယ်။ ဒါ ပေမယ့် ဒီနေ့တော့ ဒေးဗစ် ဆရာမကိုလာတွေ့ပြီး အချက်ကျကျ ပြောလိုက်တဲ့စကားကြောင့် ဆရာမ အတော်အံ့သြသွားရတယ်။

'ဆရာမ၊ ကျွန်တော်ကတော့ ဆရာမကို မခြိမ်းခြောက်ချင်ပါဘူး။ ဒါပေမယ့် ဖေဖေက ဒီလမှာ ကျွန်တော်အဆင့် ပိုကောင်းမလာဘူးဆိုရင် တစ်ယောက်ယောက်တော့ အရိုက်ခံရလိမ့်မယ်လို့ ပြောတယ်'

---

http://www.linhtet.com





'ဒီလမှာ ကျွန်တော် အဆင့်ပိုကောင်းမလာဘူးဆိုရင်
တစ်ယောက်ယောက်တော့ အရိုက်ခံရလိမ့်မယ်'

http://www.linhtet.com



## ကျောင်းစတက်ရတဲ့နေ့

ကျောင်းစထားတဲ့နေ့မှာ ကျောင်းကပြန်လာတဲ့သားငယ်ကို အမေက မေးတယ်။

'ဒီနေ့ ကျောင်းမှာ ဘာတွေသင်ရလဲသားရေ'

'သိပါဘူး အမေရာ။ ဒီနေ့မပြီးသေးဘူးတဲ့။ မနက်ဖြန်လည်း ထပ်တက်ရဦးမယ်တဲ့' သားငယ် စိတ်အိုက်နေပုံရတယ်။

http://www.linhtet.com



## ကျောင်းစတက်ရတဲ့နေ့

တိုနီလေး ကျောင်းတက်ရမယ့်အရွယ်ရောက်ပြီ။ မေမေက သူ့ကိုကျောင်းတက်ချင်အောင် စည်းရုံးထားတယ်။ အင်္ကျီ၊ ဘောင်းဘီ အသစ်တွေ ဝယ်ပေးတယ်။ ကျောင်းမှာ သူငယ်ချင်းအသစ်တွေ တွေ့ရမယ့်အကြောင်း ပြောပြတယ်။ ပထမဆုံး ကျောင်းစတက်ရတဲ့ နေ့မှာ တိုနီဟာကျောင်းကို ပျော်ပျော်ရွှင်ရွှင်နဲ့သွားပြီး ပြန်လာတော့ လည်း ကျောင်းမှာပျော်စရာကောင်းတဲ့အကြောင်း တသီတတန်း ကြီး ပြောပြတယ်။

နောက်တစ်နေ့မနက် မေမေက တိုနီကို အိပ်ရာကထဖို့ သွားနှိုးတယ်။

'ဘာလို့ထရမှာလဲ' တိုနီက အိပ်ချင်မူးတူးနဲ့မေးတယ်။

'ကျောင်းသွားဖို့ ပြင်ဆင်ရမယ့်အချိန်ရောက်ပြီ'လို့ မေမေက ပြောတော့ သူ ဇဝေဇဝါဖြစ်သွားတယ်။

'ဘာလို့ နောက်တစ်ခေါက်ထပ်သွားရမှာလဲ'တဲ့။

http://www.linhtet.com



**ကာမိကာဇေ**

**မေး** ရန်သူကို အသေခံတိုက်ခိုက်ကြမယ့် ကာမိကာဇေပိုင်းလော့တွေကို သင်တန်းပေးနေတဲ့ကျောင်းမှာ သင်တန်းဆရာက သူ့တပည့်တွေကို ဘယ်လိုပြောမယ်ထင်သလဲ။

**ဖြေ** အသေအချာကြည့်ထားကြနော်။ ဒီတစ်ကြိမ်ပဲ လုပ်ပြနိုင်မှာ။

---

http://www.linhtet.com




## ၄၅ မှတ်

သူတို့လေးယောက်က တက္ကသိုလ် ဒုတိယနှစ်ကျောင်းသား တွေဖြစ်တယ်။ သူတို့ဟာ ကျူတိုရီရယ်တွေလည်း ကောင်းကောင်း ဖြေတယ်။ လက်တွေ့လည်း မှန်မှန်လုပ်တယ်။ ဒါကြောင့် ပထမ နှစ်ဝက်ပြီးချိန်မှာ လေးယောက်စလုံးအဆင့် **‘A’**ရကြတယ်။

ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုတွေပြည့်ဝနေတဲ့ သူတို့လေးယောက် ဟာ အတန်းတင်စာမေးပွဲမတိုင်ခင် စနေ၊ တနင်္ဂနွေ ပိတ်ရက်မှာ တခြားမြို့က တက္ကသိုလ်မှာရှိတဲ့ သူတို့သူငယ်ချင်းတွေဆီသွားပြီး နှုတ်ဆက်ပွဲလေးတစ်ခုလုပ်ကြဖို့ ဆုံးဖြတ်လိုက်တယ်။ သူတို့အားလုံး ပါတီပွဲမှာ သိပ်ပျော်ကြတယ်။ ဒါပေမဲ့ စနေနေ့ညကပါတီပွဲမှာ တစ် ညလုံး အပျော်လွန်သွားကြတော့ တနင်္ဂနွေနေ့ တစ်နေ့ခင်းလုံး အိပ် မောကျကုန်တယ်။ ဒီတော့တနင်္လာနေ့မနက် စာမေးပွဲအမီ သူတို့ တက္ကသိုလ်ကို ပြန်မရောက်ဘူး။ သူတို့က ပါမောက္ခကို သွားတွေ့ပြီး ဘာကြောင့် သူတို့ စာမေးပွဲမဖြေတဲ့အကြောင်း ရှင်းပြတယ်။

http://www.linhtet.com





'နောက်တစ်မျက်နှာ လှန်လိုက်တော့ ဒုတိယပုစ္ဆာက တစ်ကြောင်းတည်း'

http://www.linhtet.com



သူငယ်ချင်းတွေဆီသွားပြီး အချိန်မီ ပြန်လာနိုင်အောင် စီစဉ်ခဲ့ကြကြောင်း၊ ဒါပေမယ့် အပြန်လမ်းမှာ ကားဘီးပေါက်သွားတဲ့ အကြောင်း၊ ဘီးအပိုပါမသွားတဲ့အပြင် အကူအညီရဖို့ နာရီပေါင်းများစွာ စောင့်ခဲ့ကြရတဲ့အကြောင်း ရှင်းပြတယ်။ ပါမောက္ခက သူတို့ပြောတာတွေကို နားထောင်ပြီး နောက်တစ်ရက်မနက်မှာ သူတို့လေးယောက်ကို သီးသန့်ဖြေဆိုခွင့်ပြုလိုက်တယ်။ သူတို့အားလုံး ပျော်ရွှင်သွားပြီး အဲဒီညမှာ စာအပြင်းအထန်ကျက်ကြတယ်။

နောက်တစ်နေ့မနက် ပါမောက္ခခေါ်ထားတဲ့အချိန်မှာ စာမေးပွဲဖြေဖို့ သူတို့တက်ကြွစွာလာခဲ့ကြတယ်။ ပါမောက္ခက သူတို့ကို မေး ခွန်းလွှာ တစ်ရွက်စီပေးပြီး သီးခြားတစ်ခန်းစီမှာ ဖြေခိုင်းတယ်။ ပထမမေးခွန်းက ၅ မှတ်တန် ပုစ္ဆာတစ်ပုဒ်။ ဒါက လွယ်ပါတယ်။ နောက်တစ်မျက်နှာကို လှန်လိုက်တော့ ဒုတိယပုစ္ဆာက တစ်ကြောင်းတည်း။

'ဘယ်ဘီးပေါက်တာလဲ၊ ၉၅ မှတ်'တဲ့။

http://www.linhtet.com



## အင်တာနက်ပေါ်က သူငယ်ချင်း

ပါမောက္ခဂျက်ဖ်ဟာ တစ်နေကုန်တစ်နေခန်း စာသင်၊ ညပိုင်းကျတော့ သုတေသနလုပ်ငန်းတွေလုပ်နဲ့ အလွန်အလုပ်များသူ ဖြစ်တယ်။ ဒါပေမယ့် တစ်ခါတစ်ရံတော့ ညပိုင်းတွေမှာ အင်တာနက်ထဲဝင်ပြီး စစ်တိုက်တမ်းကစားတတ်တယ်။ ဒီညတော့ သူနဲ့အတူတွဲပြီးကစားရတဲ့အဖော်က စစ်ရေးစစ်ရာ အတော်ကျွမ်းကျင်ပြီး ရဲရင့်သူဖြစ်တယ်။ သူရဲ့ဦးဆောင်မှုနဲ့ သူတို့နှစ်ဦး ရန်သူတွေကို ရှုပ်ရှုပ်ချွံချွံတိုက်လိုက်တာ စစ်ပွဲခြောက်ပွဲတောင် အနိုင်ရလိုက်တယ်။ အဲဒီအချိန်မှာပဲ သူရဲ့ကစားဖော်က 'ငါ့ကို အမေက အိပ်ရာဝင်ခိုင်းနေပြီကွ'လို့ သတင်းပေးတယ်။

ပါမောက္ခဂျက်ဖ်က သူ့ကစားဖော်ကိုနှုတ်ဆက်ရင်း သူ သိချင်တာတစ်ခုကို မေးလိုက်တယ် 'မင်းအသက် ဘယ်လောက်ရှိပြီလဲ'


'၁၂ နှစ်။ မင်းကရော' သူ့ရဲ့စစ်သူကြီးဆီက အဖြေနဲ့အတူ အမေးပါ တစ်ခါတည်းပြန်မေးတယ်။

ပါမောက္ခကြီး ရှက်ရှက်နဲ့ ပြန်ဖြေလိုက်တယ်။

'ရှစ်နှစ်'

http://www.linhtet.com





'၈ နှစ်'　　'၁၂ နှစ်။ မင်းကရော'

http://www.linhtet.com



## ဘဝရည်မှန်းချက်

မော်တော်ယာဉ် မတော်တဆမှုတွေကိုစစ်ဆေးရတဲ့ တရားရုံး တစ်ရုံးမှာ တရားသူကြီးက အမျိုးသမီးတစ်ယောက်ကို မီးနီဖြတ်မောင်းမှုနဲ့ စစ်ဆေးနေတယ်။ အမျိုးသမီးက သူဟာ ကျောင်းဆရာမတစ်ယောက်ဖြစ်ကြောင်းပြောပြီး ကျောင်းချိန်အမီသွားနိုင်ဖို့ သူ့အမှုကို ပလပ်ပေးဖို့ တောင်းဆိုတယ်။

'ဘာ ခင်ဗျားကကျောင်းဆရာမလား' တရားသူကြီးရဲ့ မျက်လုံးတွေ အရောင်တဖျတ်ဖျတ် လက်သွားတယ်။ 'ကျုပ် တစ်သက်လုံး စောင့်စားလာခဲ့ရတဲ့ ရည်မှန်းချက်တွေ ပြည့်တော့မယ်။ ကျုပ် တရားရုံးကို ကျောင်းဆရာမတစ်ယောက်ရောက်လာဖို့ နှစ်ပေါင်းများစွာ စောင့်ခဲ့ရတာ။ ကဲ အခုဒီစားပွဲမှာထိုင်ပြီး *နောက်ကို မီးနီဖြတ်မမောင်းတော့ပါ* ဆိုတဲ့စာကြောင်းကို အကြိမ် ၅၀၀ ပြည့်အောင် ရေးစေ'

http://www.linhtet.com



## တစ်ဒေါ်လာ တစ်မှတ်နှုန်း

ဗာဂျီနီးယားတက္ကသိုလ်က စာသင်ခန်းတစ်ခုမှာ ပါမောက္ခက သူ့တပည့်တွေ သင်ခန်းစာကြေညက်မှု ရှိ၊ မရှိ စစ်ဆေးနေတယ်။ သူက ကျောင်းသားတွေကို မေးခွန်းစာရွက်တစ်ရွက်စီ ဝေငှပေးပြီး သူ့စားပွဲမှာ ထိုင်စောင့်နေတယ်။ အချိန်ပြည့်သွားတော့ ကျောင်းသားတွေက သူတို့အဖြေလွှာတွေကို လာပေးကြတယ်။ ကျောင်းသား တစ်ယောက်ရဲ့ အဖြေလွှာကြားမှာတော့ ဒေါ်လာတစ်ရာတန်တစ်ရွက်နဲ့ အတူ 'တစ်ဒေါ်လာ တစ်မှတ်နှုန်း'လို့ရေးထားတဲ့ စာတစ်ကြောင်း ပါလာတယ်။

နောက်တစ်ရက်စာသင်ချိန်မှာ ပါမောက္ခက ကျောင်းသားတွေကို သူတို့ရဲ့အဖြေလွှာတွေ ပြန်ဝေပေးတယ်။ ဒေါ်လာတစ်ရာပေးတဲ့ ကျောင်းသားကိုတော့ သူ့ရဲ့အဖြေလွှာနှင့်အတူ ပြန်အမ်းငွေ ၆၄ ဒေါ်လာပါ ပေးလိုက်တယ်။

http://www.linhtet.com



## ဆရာအသစ်ကျပ်ချွတ်ထံမှ

မေးပါရစေ။ ကျွန်တော့်တာဝန်က ကလေးတွေကို လေ့လာသင်ယူလိုစိတ်တွေနဲ့ အမြဲတက်ကြွနိုးကြားနေစေဖို့ မဟုတ်လား။ ဒါ့ အပြင် သူတို့ကို ကိုယ့်လူမျိုးကိုယ် ချစ်ခင်ဂုဏ်ယူတတ်အောင် သင်ကြားပေးဖို့၊ သူတို့ရဲ့မကောင်းတဲ့ အမူအကျင့်တွေကို ပြုပြင်ပေးဖို့၊ သူတို့ဘာတွေ မဟုတ်ကဟုတ်ကလုပ်မလဲဆိုတာ စောင့်ကြည့်အကဲခတ်ဖို့ မဟုတ်လား။

ပြီးတော့ လူမျိုးခွဲစိတ်တွေကို မောင်းထုတ်ပေးဖို့၊ မျိုးချစ်စိတ်ကို ပျိုးထောင်ပေးဖို့၊ မူးယစ်ဆေးဝါးနဲ့ လိင်ရောဂါတွေရဲ့အန္တရာယ်က တားဆီးကာကွယ်ပေးဖို့၊ သူတို့ရဲ့ကျောပိုးအိတ်တွေထဲမှာ ပါလာနိုင်တဲ့ သေနတ်လက်နက်တွေကို ရှာဖွေစစ်ဆေးဖို့နဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်တွေ မြှင့်တင်ပေးဖို့မဟုတ်လား။

နိုင်ငံ့ကြီးသားစိတ်ဓာတ်၊ အားကစားစိတ်ဓာတ်နဲ့ ပရဟိတစိတ်ဓာတ်တွေ ပျိုးထောင်ပေးဖို့၊ မဲပေးဖို့ ဘယ်လိုမှတ်ပုံတင်ရမယ်၊ ချက်စာအုပ်တွေ ဘယ်လိုသုံးရမယ်၊ အလုပ်လျှောက်လွှာ ဘယ်လိုရေးရမယ်ဆိုတာတွေကို သင်ကြားပေးဖို့ မဟုတ်လား။ သူတို့ရဲ့ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပေးဖို့၊ သူတို့အတွက် လုံခြုံစိတ်ချရတဲ့ ပတ်ဝန်းကျင်ကို ဖန်တီးပေးဖို့၊ ပေါင်းသင်းဆက်ဆံရေး ပြေပြစ်မှု ရှိ၊ မရှိ ဂရုစိုက်သင်ပြပေးဖို့၊ တခြားလူမျိုးတွေရဲ့ ယဉ်ကျေးမှု

http://www.linhtet.com



ခလေ့ထုံးစံတွေကို လေးစားတတ်အောင် သင်ကြားပေးဖို့နဲ့ အရေးကြီးဆုံးအချက်က မိန်းကလေးတွေကိုလည်း ယောကျ်ားလေးတွေနဲ့ တန်းတူအရေးပေးဖို့ မဟုတ်လား။

ကျွန်တော့်အတွက်တော့ အခြား အဆင့်မြင့်သင်တန်းတစ်ခုခု တက်ဖို့၊ မဟာဘွဲ့ယူဖို့ စတာတွေကို ကျောင်းချိန်ပြင်ပမှာ ကိုယ့်ပိုက်ဆံကိုယ် ထုတ်ပြီးတက်ရမယ်မဟုတ်လား။ မိဘဆရာအသင်းအစည်းအဝေး၊ ကော်မတီအစည်းအဝေးနဲ့ မွမ်းမံသင်တန်းတွေလည်း တက်ရမယ်။ လိုအပ်ရင် ညနေပိုင်းနဲ့ နွေရာသီ ကျောင်းပိတ်ရက်တွေမှာလည်း ကျောင်းတက်ရမယ်မဟုတ်လား။

ကျောင်းသားတွေကရိုသေအောင် အပြင်လူတွေက လေးစားအောင် အကျင့်သီလအရာမှာ စံပြပုဂ္ဂိုလ်တစ်ယောက်ဖြစ်အောင် ကျင့်ကြံနေထိုင်ရမယ် မဟုတ်လား။ စာသင်ခန်းအတွက် လိုအပ်တဲ့ စာရေးကိရိယာ၊ စာရွက်စာတမ်းတွေ၊ ပြက္ခဒိန်၊ ခန်းဆီး စတာတွေ အတွက် ဘက်ဂျက်ကတော့ ကိုယ့်အိတ်ကပ်ထဲက ကိုယ်ပိုင်ပိုက်ဆံ မဟုတ်လား။

အဲဒီအလုပ်တွေအားလုံးလုပ်ဖို့ ကျွန်တော်ရရှိမှာက ကျောက်သင်ပုန်းတစ်ချပ်၊ မြေဖြူတစ်ချောင်း၊ ကျောင်းသုံးစာအုပ်တချို့နဲ့ ကျွန်တော့်မိသားစု ထမင်းမငတ်ရုံလခပဲ မဟုတ်လား။

http://www.linhtet.com





'စားပွဲအံဆွဲထဲက ချုပ်စက်ကိုထုတ်၊ လွင့်နေတဲ့လည်စီး
ငြိမ်သွားအောင် သူ့ရင်ဘတ်က ပလာစတာမှာရိုက်ပြီး
ထိန်းထားလိုက်တယ်။

http://www.linhtet.com



## စက်ရုပ်ဆရာ

ကျောင်းဆရာတစ်ယောက်ဟာ နွေကျောင်းပိတ်ရက်အတွင်း ကျောရိုးမှာ ထိခိုက်ဒဏ်ရာရသွားခဲ့တဲ့အတွက် သူ့ခန္ဓာကိုယ် အပေါ်ပိုင်းတစ်ခုလုံး ပလာစတာကိုင်ထားရတယ်။ ဒါပေမယ့် အပေါ်က အင်္ကျီထပ်ဝတ်လိုက်ရင်တော့ တောင့်တောင့်ကြီးဖြစ်နေတာကလွဲလို့ ဘာမှမမြင်ရတော့ဘူး။ ကျောင်းတွေပြန်ဖွင့်ချိန်မှာ သူ့ဒဏ်ရာက မပျောက်သေးတော့ ပလာစတာကိုင်ထားတာကို မဖြုတ်ရသေးဘူး။ သူတာဝန်ယူရမယ့်အတန်းက တစ်ကျောင်းလုံးမှာ အဆိုးဆုံးဆိုတဲ့ ကျောင်းသားတွေချည်းပဲ။

ပထမဆုံး ကျောင်းစတက်တဲ့နေ့မှာ ဆရာဟာသူ့ကိုယ်သူ မာန်တင်းပြီး ဆူညံအော်ဟစ်ဝုန်းဒိုင်းကြဲနေတဲ့ စာသင်ခန်းထဲကို လျှောက် ဝင်လာခဲ့တယ်။ သူ့စားပွဲဘေးက ပြတင်းပေါက်ကိုဖွင့်ပြီး လုပ်စရာ ရှိတာတွေကို အရင်ထိုင်လုပ်နေလိုက်တယ်။ အဲဒီအချိန်မှာ ပြတင်း ပေါက်က ဖွတ်တိုးဝင်လာတဲ့လေက သူ့လည်စီးကို တဖျတ်ဖျတ် လွင့် နေစေတယ်။

ဒါကြောင့် စားပွဲအံဆွဲထဲက ချုပ်စက်ကိုထုတ်၊ လွင့်နေတဲ့ လည်စီးကို ငြိမ်သွားအောင် သူ့ရင်ဘတ်ကပလာစတာမှာရိုက်ပြီး ထိန်းထားလိုက်တယ်။

အဲဒီနှစ်တစ်နှစ်လုံး သူ့အတန်းမှာ စည်းကမ်းနဲ့ပတ်သက်လို့ ဘာပြဿနာမှ မဖြစ်ခဲ့ဘူး။

---

http://www.linhtet.com



## ကောင်းသောနေ့ပါ

ကျောင်းအုပ်ချုပ်ရေးကော်မတီအစည်းအဝေးက ကျောင်းရုံးခန်းကို ဆက်သွယ်လာတဲ့ မိဘတွေအဆင်ပြေစေဖို့ အလိုအလျောက်တယ်လီဖုန်းဖြေစက်မှာ အောက်ပါအချက်တွေ ထည့်သွင်းထားဖို့ သဘောတူညီလိုက်တယ်။

'ဟယ်လို ——————— ကျောင်းကပါ။လူကြီးမင်းကိုထိထိရောက်ရောက် အကူအညီပေးနိုင်ဖို့ သက်ဆိုင်ရာပုဂ္ဂိုလ်ဆီကို တိုက်ရိုက်ဆက်သွယ်နိုင်ပါတယ်။ လူကြီးမင်း ဆွေးနွေးလိုတဲ့အကြောင်းအရာနှင့်ပတ်သက်လို့ ဘယ်ဖုန်းနံပါတ်ကို ဆက်သွယ်ရမယ်ဆိုတာ ဆက်ပြီးနားထောင်ပါ။

- ☐ လူကြီးမင်းရဲ့ကလေး ဘာကြောင့်ကျောင်းပျက်ရတယ်ဆိုတာ ဖုံးဖိပေးဖို့ဆိုရင် နံပါတ် ၁ ကိုနှိပ်ပါ။
- ☐ လူကြီးမင်းရဲ့ကလေး အိမ်စာတွေပြီးမလာတဲ့အတွက် တောင်းပန်လိုတယ်ဆိုရင် နံပါတ် ၂။
- ☐ ကျွန်တော်တို့ရဲ့ ဆောင်ရွက်ချက်တစ်ခုခုနဲ့ ပတ်သက်ပြီး စောဒကတက်လိုပါက နံပါတ် ၃။
- ☐ ရုံးအဖွဲ့ဝင်တစ်ယောက်ယောက်ကို ကြိမ်ဆဲလိုတယ်ဆိုရင် နံပါတ် ၄။

http://www.linhtet.com



- ☐ လူကြီးမင်းထံကို ကျောင်းကပုံမှန်ပို့ပေးနေတဲ့ အကြောင်းကြားစာတွေ၊ ရီပို့တွေမရောက်တဲ့အကြောင်းစုံစမ်းလိုရင် နံပါတ် ၅။
- ☐ လူကြီးမင်းရဲ့ကလေးကို ပိုပြီး ဂရုစိုက်စောင့်ရှောက်စေလိုတယ်ဆိုရင် နံပါတ် ၆။
- ☐ ဒီတစ်နှစ်အတွင်း သုံးကြိမ်မြောက်အဖြစ် ဆရာတစ်ယောက်ကို တောင်းပန်ရမယ်ဆိုရင် နံပါတ် ၇။
- ☐ ကျောင်းကားနဲ့ပတ်သက်လို့ မကျေနပ်ရင် နံပါတ် ၈။
- ☐ ကျောင်းကကျွေးတဲ့ နေ့လည်စာနဲ့ပတ်သက်လို့ မကျေနပ်ရင် နံပါတ် ၉။
- ☐ တစ်စုံတစ်ယောက်ကို ကူညီလိုတယ်၊ ဒါမှမဟုတ် တိုက်ခိုက်လိုတယ်ဆိုရင် နံပါတ် ၀ ကိုနှိပ်ပါ။
- ☐ ပြီးတော့လူကြီးမင်းကလေးရဲ့အပြုအမူ၊ ကျောင်းအိမ်စာတွေနဲ့ ပတ်သက်လို့ သူကိုယ်တိုင်မှာလည်း တာဝန်ရှိတယ်။ ကလေးရဲ့ ပြဿနာကိုဖြေရှင်းဖို့ ဆရာတွေရဲ့တာဝန်ချည်းပဲမဟုတ်ဘူး ဆိုတာကို နားလည်သဘောပေါက်တယ်ဆိုရင်တော့ ဖုန်းကို ပြန်ချထားလိုက်ပါ။ ကောင်းသောနေ့ပါ။

http://www.linhtet.com



## ဆုတောင်းပေးမယ်

အတန်းတင်စာမေးပွဲကြီးဖြေဖို့ ဂျိမ်း စိတ်လှုပ်ရှားနေတယ်။ နောက်ဆုံးကျောင်းတက်ရတဲ့နေ့မှာ ဆရာက သူတို့ကို နားမလည်တဲ့ သင်ခန်းစာရှိရင် ဖုန်းဆက်လိုက်ပါဆိုပြီး ဖုန်းနံပါတ်တစ်ခုကို သင်ပုန်းပေါ် မှာရေးပေးတယ်။

စာမေးပွဲမဖြေမီ တစ်ရက်အလိုမှာ ဂျိမ်း ပုစ္ဆာတစ်ပုဒ်ကို နားမလည်တာကြောင့် ဆရာပေးထားတဲ့ နံပါတ်အတိုင်း ဖုန်းဆက်လိုက်တယ်။ တစ်ဖက်က ပြန်ကြားရတာကတော့ 'အသံသွင်းထားတဲ့ ဆုတောင်းစကား'ပဲဖြစ်တယ်။

http://www.linhtet.com



## ကလေးစကား



http://www.linhtet.com

## ခါတိုင်းနှင့်မတူ

လူတစ်ယောက်ဟာ လေးနှစ်အရွယ်သမီးငယ်နဲ့အတူ ကားမောင်းလာရင်း ဟွန်းကို မတော်တဆ နှိပ်မိသွားတယ်။ သမီးက သူ့ဘက်ကို လှည့်ကြည့်ပြီး ဘာဖြစ်တာလဲဆိုတဲ့ အမူအရာနဲ့ မေးဆတ်ပြတယ်။

'မှားပြီးနှိပ်မိသွားတာ သမီးရဲ့' သူက ဖြေရှင်းချက်ပေးတယ်။

'သိသားပဲ'

'ဘယ်လိုလုပ်ပြီး သမီးကသိနေတာလဲ'

'ကားဟွန်းနှိပ်ပြီးတော့ အဖေ့ဆီက ဆဲသံမှမကြားရတာ' သမီးက သူ့ရဲ့ စဉ်းစားနည်းကို ပြောပြတယ်။

http://www.linhtet.com



## ကြောက်သလား

မိုးကြိုးမုန်တိုင်းထန်နေတဲ့ ညတစ်ညမှာ မာမီက သားငယ်လေးကို ချော့သိပ်ပြီး နွေးနွေးထွေးထွေးဖြစ်အောင် စောင်ခြုံပေးတယ်။ မီးပိတ်ပြီး သားရဲ့အခန်းထဲကလှည့်အထွက်မှာ ဝင်းခနဲ လင်းထိန်သွားတဲ့ လျှပ်စီးနဲ့တစ်ဆက်တည်း နားကွဲလုမတတ် ကျယ်လောင်တဲ့ မိုးချုန်းသံကို ကြားလိုက်ရတယ်။

'မာမီ၊ ဒီနေ့ည သားနဲ့အတူအိပ်ပါလားဟင်' သားငယ်က အနည်းငယ် တုန်ယင်နေတဲ့အသံနဲ့ ပြောတယ်။


'မဖြစ်ဘူး သားငယ်ရဲ့။ မာမီက ဒက်ဒီ့အခန်းမှာ သွားအိပ်ရမှာ' မာမီကသားငယ်ကို ပွေ့ဖက်နှစ်သိမ့်ရင်း ချိုချိုသာသာနဲ့ ငြင်းတယ်။

သားငယ် အချိန်အတော်ကြာအောင် တိတ်ဆိတ် စဉ်းစားနေပြီးမှ အခုလို ပြောချလိုက်တယ်။

'မိန်းမလျှာကြီး'

http://www.linhtet.com





http://www.linhtet.com



## ဘယ်သူလဲဟင်

မာမီက သူခေါင်းလျှော်မှာမို့ ကလေးတွေအားလုံးကို အိပ်ခန်းထဲ စုပြုံထည့်ပြီး ကစားခိုင်းထားတယ်။ ပြီးတော့ ဘောင်းဘီရှည်အဟောင်း ပွပွကြီးကိုဝတ်၊ ဘလောက်စ်အင်္ကျီအကြီးကြီး တစ်ထည်ကိုစွပ်ပြီး ရေချိုးခန်းထဲဝင်ခဲ့တယ်။

သူခေါင်းလျှော်နေတုံးမှာ အိပ်ခန်းဆီက ကလေးတွေရဲ့ အော်ဟစ်သောင်းကျန်းသံတွေ တစ်စထက်တစ်စ ဆူညံကျယ်လောင်လာတယ်။ နောက်ဆုံး သည်းမခံနိုင်တော့ဘဲ မျက်နှာသုတ်ပုဝါကို ခေါင်းမှာ ကောက်ပတ်ပြီး ကလေးတွေကို ဒေါနဲ့မောနဲ့ သွားဟောက်ပစ်လိုက်တယ်။

အားရအောင်ဆူပြီး အိပ်ခန်းထဲကပြန်အထွက်မှာတော့ သုံးနှစ်အရွယ် သားငယ်ရဲ့ မေးသံကိုကြားလိုက်ရတယ်။

'အဲဒါ ဘယ်သူလဲဟင်'တဲ့

http://www.linhtet.com





မျက်နှာသုတ်ပဝါကို ခေါင်းမှာကောက်ပတ်ပြီး
ကလေးတွေကို ဒေါ်နဲ့မောနဲ့ သွားဟောက်ပစ်လိုက်တယ်။

http://www.linhtet.com





'ကျွန်တော့်အထင်တော့ အာဒမ်ရဲ့ဝတ်စုံလို့ ထင်တာပဲ အမေ'

http://www.linhtet.com



## သမ္မာကျမ်းထဲကပစ္စည်း

ကလေးငယ်တစ်ယောက် အဘိုးရဲ့သမ္မာကျမ်းစာအုပ်ကြီးကို ဖွင့်ပြီး ဟန်ပါပါဖတ်နေတယ်။ ရုတ်တရက် စာအုပ်ကြားထဲက တစ်ခုခု ထွက်ကျလာတယ်။ ကောက်ကြည့်လိုက်တော့ သစ်ရွက်ခြောက်တစ်ခု ဖြစ်နေတာကို တွေ့လိုက်ရတယ်။ တစ်စုံတစ်ယောက်က လွန်ခဲ့တဲ့ နှစ်အတော်ကြာကတည်းက ညှပ်ထားခဲ့ပုံရတယ်။

'မာမီ၊ ဒီမှာ ကျွန်တော် ဘာတွေ့ထားသလဲ၊ ကြည့်စမ်း' ကလေးက အလွန်အံ့ဩသွားပုံနဲ့ အမေ့ကိုလှမ်းမေးတယ်။

'ဘာတွေ့လို့လဲ သားရဲ့' အမေက အဝေးကနေလှမ်းမေးတယ်။

'ကျွန်တော့်အထင်တော့ အာဒမ်ရဲ့ဝတ်စုံလို့ ထင်တာပဲ အမေ' သူက အလွန်ဂုဏ်ယူဝံ့ကြွားစွာနဲ့ ပြန်ဖြေတယ်။

http://www.linhtet.com



## သဘောပေါက်ပါစေ

ကျွန်တော် အလယ်တန်းကျောင်းတစ်ကျောင်းက ဘော့စ်ဘော အသင်းမှာ နည်းပြဆရာလုပ်နေတုန်းက အဖွင့်မိန့်ခွန်းကို နှစ်စဉ် နှစ်တိုင်း တစ်ပုံစံတည်း ပြောရတယ်။

'အားကစားစိတ်ဓာတ် အပြည့်အဝရှိဖို့က အချိန်တိုင်းမှာ အရေးကြီးဆုံးပဲ။ ဒိုင်လူကြီးကိုပဲဖြစ်ဖြစ်၊ ပြိုင်ဘက်အားကစားသမား ကိုပဲဖြစ်ဖြစ် အော်ဟစ်ဆဲဆိုတာ၊ လှောင်ပြောင်ရှုတ်ချတာမျိုး မလုပ် ရဘူး။ ကစားပွဲမှာ ရှုံးနိမ့်တဲ့အခါမှာလည်း တည်တည်ငြိမ်ငြိမ် ရင် ဆိုင်နိုင်ရမယ်။ အားလုံး နားလည်ကြရဲ့လား'

အဲဒီအခါ အများအားဖြင့်ကလေးတွေက ခေါင်းညိတ်ကြ တယ်။ ဒါဆိုရင် ကျွန်တော် ဆက်ပြီးပြောနေကျစကားက 'ကောင်း ပြီ။ နားလည်တယ်ဆိုရင် အိမ်ပြန်ပြီး ကလေးတို့ အဖေ၊ အမေတွေကို အဲဒီအတိုင်း သဘောပေါက်အောင် ရှင်းပြကြပေတော့'

---

http://www.linhtet.com



## ညှံ့ရန်ကော

မြေးမလေး အရောင်တွေကို ဘယ်လောက်ထိခွဲခြားနိုင်စွမ်း ရှိပြီလဲဆိုတာကို စမ်းသပ်ကြည့်ဖို့ ကျွန်မ ဆုံးဖြတ်လိုက်တယ်။ အရာဝတ္ထု တစ်ခုပြီးတစ်ခု ဘာရောင်လဲမေးကြည့်တာ အားလုံးမှန်အောင် ဖြေနိုင်တယ်။

ကျွန်မလည်း သဘောကျပြီး နောက်တစ်ခု၊ နောက်တစ်ခု ဆက်တိုက် မေးနေမိတယ်။ နောက်ဆုံးတော့ မြေးမက ညှံ့ရန်ကောဆိုတဲ့ အကြည့်နဲ့ မော့ကြည့်ပြီး ဒီလိုပြောတယ်။

'ဘွားဘွားက သူများကိုပဲ အကုန်လျှောက်မေးနေတယ်။ တစ်ခုတလေတော့လည်း ကိုယ့်ဘာသာ သိအောင်လုပ်ဦးမှပေါ့'

http://www.linhtet.com



## ဓာတ်ခဲမပါဘူးလား

ကျွန်မ သူနာပြုသင်တန်းအတွက် စာအုပ်တွေဖတ်နေတုန်း သမီးက မေးတယ်။

'မေမေ ဘာတွေကျက်နေတာလဲ '

ကျွန်မက လူ့ခန္ဓာကိုယ်ထဲမှာရှိတဲ့ သွေးအကြောင်း လေ့လာနေတာလို့ ပြောပြပြီး ခန္ဓာကိုယ်တစ်ခုလုံး သွေးတွေလှည့်ပတ် သွားလာနိုင်ဖို့ နှလုံးကတွန်းပို့ပေးနေတဲ့အကြောင်း သူနားလည်အောင် အတတ်နိုင်ဆုံး ရှင်းပြတယ်။ ပြီးတော့ သူ့လက်ကောက်ဝတ်နဲ့ ခြေကျင်းဝတ်နေရာတွေမှာ သွေးခုန်နေတာကို လက်တွေ့စမ်းပြတယ်။ သမီးက သူ့ခြေထောက်ကို ငုံ့ကြည့်ရင်း ကျွန်မပြောတာတွေကို သေချာ စဉ်းစားနေပုံရတယ်။

ခဏနေတော့ သူ့ခန္ဓာကိုယ်တစ်ခုလုံး ဟိုစမ်းဒီစမ်း၊ ဟိုလှည့် ဒီလှည့်၊ ဟိုနေရာပွတ်ကြည့် ဒီနေရာပွတ်ကြည့်နဲ့ လုပ်နေတယ်။ သူ လုပ်နေတာတွေကို မြင်ပေမယ့် ကျွန်မလည်း စာဆက်ဖတ်နေတာမို့ စိတ်မဝင်စားမိဘူး။ နောက်ဆုံးတော့သမီးက ခေါင်းရှုပ်လာဟန်နဲ့ ကျွန်မကိုမေးတယ်။

'မေမေ၊ ဒါဆိုရင် ဓာတ်ခဲက ဘယ်နားမှာလဲဟင်'

---

http://www.linhtet.com



## ဘာတူသလဲ

တစ်နေ့တော့ သမီးနဲ့ သူ့မိသားစု အိမ်ကို အလည်ရောက်လာတယ်။ မြေးပေါက်စက ကျွန်မကို တစ်နေ့လုံး မေးခွန်းတွေ တစ်ခုပြီး တစ်ခု ထုတ်နေတယ်။

'ဘွားဘွား။ ဘွားဘွားနဲ့ ဘုရားသခင် ဘာတူသလဲ၊ သိလား' သူက မထင်မှတ်တဲ့မေးခွန်းတစ်ခု မေးလာတယ်။

'ဘယ်သိမလဲသားရဲ့။ ဘာများတူလို့လဲ' ကျွန်မက မေးခွန်းနဲ့ တုံ့ပြန်ရင်း မြေးကလေးကို ဘုရားသခင် ကောင်းချီးပေးပါစေလို့ ဆုတောင်းနေမိတယ်။

'နှစ်ယောက်စလုံး ရုပ်ဆိုးတာ တူတယ်လေ' သူ့ဆီက ဘယ်လိုမှ ကြိုတင်တွက်ဆထားလို့မရတဲ့အဖြေ ထွက်လာတယ်။

http://www.linhtet.com



## အဖေတို့၊ အမေတို့ ဆံပင်ဖြူရတဲ့အကြောင်း

ကုမ္ပဏီအကြီးအကဲတစ်ယောက်ဟာ အရေးကြီးကိစ္စ ပြောစရာရှိတာကြောင့် ဝန်ထမ်းတစ်ယောက်ရဲ့အိမ်ကို ဖုန်းဆက်လိုက်တယ်။ တစ်ဖက်က 'ဟယ်လို'ဆိုတဲ့ ကလေးတစ်ယောက်ရဲ့ လေသံတိုးတိုးလေးနဲ့ ထူးသံကို ကြားလိုက်ရတယ်။

ကလေးနဲ့တွေ့လိုက်ရလို့ စိတ်မရှည်ချင်သလို ဖြစ်သွားတဲ့ ဘော့စ်က 'သားသား ဖေဖေအိမ်မှာရှိလား'လို့ မေးလိုက်တယ်။

'ရှိတယ်' ကလေးရဲ့ဖြေသံက တိုးတိုးလေးပဲကြားရတယ်။

'ဦး သူနဲ့စကားပြောလို့ရမလား'

'မရဘူး'

ဘော့စ် အတော်အံ့သြသွားပြီး စိတ်လည်းတိုလာတယ်။ ဒါပေမယ့် လူကြီးတစ်ယောက်ယောက်နဲ့တွေ့မှ ဖြစ်မှာပါလေဆိုပြီး 'မေမေ ကော ရှိသလား'လို့ ထပ်ပြီးမေးလိုက်တယ်။

'ရှိတယ်'


'ဒါဆို သူနဲ့စကားပြောလို့ရမလား'

'မရဘူး' ကလေးက လေသံလေးနဲ့ပဲ ထပ်ဖြေတယ်။

ကလေးငယ်ကိုတော့ အိမ်မှာတစ်ယောက်တည်း မထားခဲ့တန်ပါဘူးလို့ ဘော့စ်တွေးရင်း 'သားသားအနားမှာ ဘယ်သူမှမရှိဘူးလား'လို့ ထပ်ပြီး ချော့မော့မေးလိုက်တယ်။

http://www.linhtet.com





'သူတို့က သားကိုရှာဖို့လာကြတာလေ'

http://www.linhtet.com



'ရှိတယ်။ ရဲတစ်ယောက်ရှိတယ်' အသံက ပိုပြီးတိုးသွားတယ်။

'အဲဒီရဲနဲ့ကော စကားပြောလို့ရမလား' ဒီရဲ ဘာလာလုပ်နေပါလိမ့်လို့ ဘော့စ်ကစဉ်းစားရင်း ရှိတဲ့လူနဲ့ပဲပြောဖို့ ဆုံးဖြတ်လိုက်တယ်။

'မရဘူး။ သူအလုပ်ရှုပ်နေတယ်'

'ဘာလုပ်နေတာလဲ'

'သူလား။ ဖေရယ်၊ မေရယ်၊ မီးသတ်သမားတစ်ယောက်ရယ်နဲ့ စကားပြောနေတယ်'

ဘော့စ် စိတ်ဆိုးရာကနေ စိတ်ပူလာတယ်။ ပြီးတော့ဖုန်းထဲမှာ ရဟတ်ယဉ်သံလိုလိုလည်း ကြားရတယ်။

'အဲဒါဘာသံလဲ'

'ဟယ်လိုကော်ပါလေ' ကလေးက ခပ်မြုံးမြုံးလေးဖြေတယ်။

'ဘာတွေဖြစ်ကုန်ပြီလဲ' ဘော့စ်ကမေးတယ်။ သူ့နားထဲမှာ ရဲကား ဥသြသံတွေလည်း ကြားလာရသလိုပဲ။

'အထူးကွန်မန်ဒိုတပ်တွေလေ။ အခုပဲဆင်းလာတာ' အသံက နည်းနည်းတုန်နေတယ်လို့ ထင်ရတယ်။

ဘော့စ် အတော်စိတ်ပျက်လက်ပျက်ဖြစ်လာပြီး စိုးရိမ်စိတ်လည်း များလာတယ်။

'သူတို့က ဘာလာလုပ်ကြတာလဲ'

'သူတို့က သားကိုရှာဖို့လာကြတာလေ' ကလေးက လေသံနဲ့ ပြောရင်း ခပ်အုပ်အုပ်ရယ်နေတယ်။

---

http://www.linhtet.com



## အသိပေးရမယ်

ရေကန်ကြီးတစ်ခုရဲ့နံဘေးကို အပန်းဖြေခရီးသွားကြချိန်က ကျွန်တော့်ရဲ့ညီဝမ်းကွဲလေး မက်သရူးတစ်ယောက် ပျောက်သွားလို့ အားလုံး ပျာယာခတ်ကုန်ကြတယ်။ တစ်ဒါဇင်ကျော်ကျော်လောက် ရှိတဲ့ အမျိုးတွေအားလုံး ကမ်းခြေတစ်လျှောက် ရှာသူရှာ၊ အနီးဝန်းကျင်မှာ လှည့်ပတ်ရှာသူရှာနဲ့ အလုပ်ရှုပ်သွားကြတယ်။ နောက်ဆုံး သစ်တောအစပ်မှာ တစ်ယောက်တည်းကစားနေတဲ့ မက်သရူးကို တွေ့ရတော့မှ သက်ပြင်းချနိုင်ကြတယ်။

'သား မေမေပြောမယ်၊ နားထောင်စမ်း။ နောက်ဆိုရင် သား တစ်နေရာရာကိုသွားချင်ရင် မေမေ့ကိုအသိပေးပြီးမှ သွားရမယ် နော်' သူ့အမေက သားငယ်ကိုဆုံးမတယ်။

မက်သရူးက သူ့အမေစကားကို တစ်မိနစ်လောက် ငြိမ်စဉ်းစားပြီးတော့ ဝမ်းသာအားရပြောလိုက်တယ်။

'အိုကေ။ ဒါဆိုရင် ဒစ်စနေဝါးလ်'တဲ့။

http://www.linhtet.com



## ဒီမှာ

တစ်နေ့ စတိုးဆိုင်ကြီးတစ်ခုမှာ ကလေးတစ်ယောက်ကို ရင်ခွင်မှာ ပိုက်ထားပြီး လေးငါးခြောက်နှစ်အရွယ် မိန်းကလေးသုံးယောက် နောက်ကတန်းလန်းနဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့ရတယ်။ မိန်းကလေးသုံးယောက်က တစ်ချိန်လုံး 'မာမာ' 'မာမာ'ခေါ်ပြီး ဟို လက်ညှိုးထိုး၊ ဒီလက်ညှိုးထိုး လုပ်နေကြတယ်။

'ကဲ တော်ကြစမ်း။ ပါးစပ်ပိတ်ထားကြစမ်း။ ဒီတစ်ခါ မာမာ ခေါ်တဲ့လူ အသိပဲ' အမေက စိတ်မရှည်တော့တဲ့လေသံနဲ့ အော်တယ်။ တစ်မိနစ်နီးပါးလောက်တော့ မိန်းကလေးသုံးယောက်လုံး ငြိမ်သွားကြတယ်။ ပြီးတော့ တစ်ယောက်က သူ့အမေရဲ့ ဂါဝန်ကို ဆွဲပြီး ခေါ်တယ်။

'ဒီမှာ ဒီမှာ'တဲ့။

http://www.linhtet.com



## ကြောင်ဂျီးရုပ်

ကြောင်ဂျီးရုပ်နဲ့ကလေးတစ်ယောက် ကစားနေရာက အိမ်ထဲကို ပြေးဝင်လာပြီး သူ့အမေကိုမေးလိုက်တယ်။

'သား ဘယ်သူလဲ။ သိလား'

'မင်း ဘယ်သူလဲ။ မသိဘူး' အမေက သူ့သား လာနောက်တယ် အထင်နဲ့ ပြန်ပြီးနောက်လိုက်တယ်။

'ဟာ ဒါဆို ဟိုမိန်းမကြီးပြောသွားတာ ဟုတ်နေတာပေါ့။ မင်း *ဒီလောက်ပေချာတူးနေတာ အမေတောင် မှတ်မိမှာမဟုတ်ဘူးတဲ့*'

http://www.linhtet.com



## ရေတစ်ခွက်လောက်

ဖေဖေက သားငယ်ကို အိပ်ရာထဲပို့ပြီး ပြန်ထွက်လာတယ်။ ငါး မိနစ်လောက်ကြာတော့ သားငယ်ရဲ့အခန်းထဲက ခေါ်သံထွက်လာ တယ်။

'ဖေ'

'ဘာလဲ'

'သား ရေသောက်ချင်တယ်။ ရေတစ်ခွက်လောက် ခပ်ပေး ပါလား'

'မရဘူး။ သား ကိုယ့်ဘာသာခပ်တတ်တာပဲ။ ထသွား ခပ်ချေ'

နောက်ထပ် ငါးမိနစ်လောက်နေတော့ ခေါ်သံထွက်လာပြန် တယ်။

'ဖေ'

'ဘာလဲ'

'သား ရေသောက်ချင်တယ်။ ရေတစ်ခွက်လောက် ခပ်ပေးပါ လားလို့'

'ကိုယ့်ဘာသာ သွားခပ်သောက်လို့ သားကိုပြောထားပြီးပြီလေ။ နောက်တစ်ခါထပ်ခေါ်ရင် လာရိုက်မယ်နော်'

http://www.linhtet.com





**'သား ရေသောက်ချင်တယ်'**

နောက်ထပ် ငါးမိနစ်လောက်ကြာတော့ နောက်တစ်ခါ ခေါ်သံ ထွက်လာပြန်တယ်။

'ဖေ . . . . . .'

'ဘာလဲ . . . . . .'

'ဖေ သားကို လာရိုက်မယ်ဆိုရင် ရေတစ်ခွက်လောက် ခပ်ခဲ့ပေးပါလား'

http://www.linhtet.com



## ကြာလိုက်တာ

တစ်ရက် သားနှစ်ယောက်ပူဆာလို့ စားသောက်ဆိုင်တစ်ဆိုင်ကို လိုက်ပို့ပေးရတယ်။ ဆိုင်ထဲရောက်တော့ စားသောက်နေသူတွေထဲမှာ တီဗီကလာတဲ့ ဘောလုံးပွဲကိုကြည့်နေကြတဲ့ ပရိသတ်အတော် များများကိုလည်း တွေ့ရတယ်။

ပျာယီးပျာယာဖြစ်နေတဲ့ စားပွဲထိုးတစ်ယောက်က ကျွန်တော်တို့ကို ဘာစားမလဲ လာမေးတယ်။ ဒါပေမယ့် နောက်ထပ် နာရီဝက်လောက်ကြာတဲ့အထိ အဲဒီစားပွဲထိုးကော၊ မှာလိုက်တဲ့ စားစရာတွေကော အရိပ်အယောင်တောင် မမြင်ရသေးဘူး။ တစ်စက်ကလေးမှ အငြိမ်မနေတဲ့ သားနှစ်ယောက်ကို ထိန်းနေရတာနဲ့ ကျွန်တော်လည်း မောနေပြီ။ အဲဒီအချိန်မှာပဲ ဘောလုံးပွဲကြည့်နေကြတဲ့ စားပွဲဝိုင်းတစ်ခုဆီက ဟေးခနဲ အသံထွက်လာတယ်။

'ဟော့ ဒါ ဟိုဘက်စားပွဲက သူတို့မှာထားတဲ့ စားစရာတွေရလို့ အော်တဲ့အသံပဲဖြစ်မယ်' သားငယ်က သူထင်ရာကို ပြောတယ်။

http://www.linhtet.com



## ဗိုက်ထဲမှာလား

နန်စီကိုယ်ဝန်ကြီးနဲ့တုန်းက သူ့တူမလေးက ၄ နှစ်သမီးပဲ ရှိသေးတယ်။ တစ်နေ့တော့ သူ့တူမလေးက ဗိုက်ထဲက ကလေး ကန်ကျောက်လှုပ်ရှားနေတာတွေကို ဗိုက်ပေါ်ကစမ်းကြည့်ရင်း တအံ့ တသြနဲ့ မေးတယ်။

'အဲဒီကလေးက အပြင်ကို ဘယ်လိုထွက်လာမှာလဲဟင်'

တူမလေးရဲ့မေးခွန်းကို အရိုးရှင်းဆုံးဖြေဖို့ နန်စီကြိုးစားတယ်။


'ဆရာဝန်က ကူညီပေးမှာပေါ့'

ဒါပေမယ့် သူမအဖြေကိုကြားလိုက်ရတော့ တူမလေးဟာ မျက်လုံးတွေဝိုင်းစက်သွားပြီး သိပ်ကိုအံ့သြသွားတယ်။

'ဟင် ဗိုက်ထဲမှာ ဆရာဝန်လည်း ရှိသလား'တဲ့။

http://www.linhtet.com





'ဟောဒီလမ်းထဲက အိမ်တွေအားလုံးမှာ
လူခေါင်းခေါင်းလောင်းတွေ ရှိတယ်နော်။ ပြီးတော့ ...'

http://www.linhtet.com



## အိမ်ပေါက်စေ့

ရှာကနေ မြို့ပေါ် ရပ်ကွက်တစ်ခုကို အိမ်ပြောင်းလာတဲ့နေ့က ကျွန်တော်တို့တစ်အိမ်သားလုံး ခြေကုန်လက်ပန်းကျသွားတယ်။

နောက်တစ်နေ့ မနက်စောစောမှာ သုံးနှစ်ခွဲရှိပြီဖြစ်တဲ့ သားငယ်က ကျွန်တော်တို့အိပ်ခန်းထဲ ပြေးဝင်လာပြီးလှုပ်နှိုးတယ်။ မနေ့က ပင်ပန်းထားတာကြောင့် အိပ်ရေးမဝသေးဘူး ဖြစ်နေတယ်။ ဒါကြောင့် သူ့ကို အပေါ်အင်္ကျီဝတ်ပေးပြီး ခြံထဲမှာသွားကစားဖို့ ပြောလိုက်တယ်။

နောက်ထပ် မိနစ် ၂၀ လောက်ကြာတော့ သားငယ် တစ်ခေါက်ပြန်ဝင်လာပြီး အတင်းလှုပ်နှိုးရင်း အခုလိုပြောတယ်။

'ဖေဖေရေ၊ ဟောဒီလမ်းထဲက အိမ်တွေအားလုံးမှာ လူခေါ်ခေါင်းလောင်းတွေရှိတယ်နော်။ ပြီးတော့ အကုန်လုံး အသံမြည်တယ်'

http://www.linhtet.com



## မာမီ

၄ နှစ် သား က လေး တစ် ယောက် ရဲ့ အ သံ က လူ ကြီး အယောက် ၂၀၀ ရဲ့ အသံထက် ပိုပြီးကျယ်လောင်တယ်ဆိုတဲ့အဖြစ်မျိုး ကြုံဖူးကြရဲ့လား။

နှစ်အတော်ကြာကပေါ့။ မိုးကြိုးမုန်တိုင်းတွေ အကြီးအကျယ်ကျနေချိန်မှာ ကျွန်တော် ခရီးတစ်ခုကနေ အိမ်ပြန်ရောက်လာ တယ်။ မိုးခြိမ်းသံတွေ တဂျိမ်းဂျိမ်းနဲ့ဆူညံနေပြီး လျှပ်စီးတွေ ဝင်းခနဲ၊ ဝင်းခနဲ လက်နေတာကလည်း အသည်းထိတ်စရာကောင်းလှတယ်။ ကျွန်တော် အိမ်ကိုရောက်တဲ့အချိန်က အတော်ညဥ့်နက်နေပြီ။ ကျွန်တော်တို့အိပ်ခန်းထဲမှာ ဇနီးသည်နဲ့အတူ ကလေးနှစ်ယောက်လည်း ကွေးပြီး အိပ်ပျော်နေပြီ။ ဒါနဲ့ အဲဒီညက အိမ်ရှေ့ခန်းမှာပဲ ကျွန် တော် အိပ်လိုက်တယ်။

နောက်တစ်နေ့ မနက်စောစာ စားတဲ့အချိန်မှာ 'ဒယ်ဒီ ခရီးထွက်တဲ့အချိန်၊ ညကလို မိုးတွေ သည်းသည်းမဲမဲရွာနေတဲ့ အချိန်မျိုးဆိုရင်တော့ မာမီ့အခန်းထဲကို သားတို့ဝင်အိပ်နိုင်တယ်။ ဒါပေမယ့် ဒီညတော့သားတို့ ကိုယ့်အခန်းမှာ ကိုယ်အိပ်ရမယ်နော်' လို့ ကလေးတွေကို စည်းရုံးရတယ်။ သူတို့နှစ်ယောက်စလုံး ခေါင်းညိတ်ကြတယ်။

http://www.linhtet.com



နောက် လအနည်းငယ်ကြာတော့ ကျွန်တော် ခရီးတစ်ခုက အပြန်မှာ ဇနီးနဲ့ကလေးနှစ်ယောက် လေဆိပ်ကိုလာကြိုကြတယ်။ လေယာဉ်ကနောက်ကျနေတော့ လေဆိပ်အဆောက်အအုံထဲမှာ လာကြိုကြသူတွေနဲ့ ပြည့်ကျပ်နေတယ်။ ကျွန်တော် လေယာဉ်ပေါ်ကဆင်းပြီး ခန်းမထဲကို ဝင်လာတဲ့အချိန်မှာ သားငယ်က ကျွန်တော့်ဆီ လက်ဝှေ့ယမ်းပြပြီး ပြေးလာရင်းအားရ ဝမ်းသာအော်ပြောတယ်။

'ဟေ့ဒယ်ဒီ၊ ဒယ်ဒီ့အတွက် သတင်းကောင်းပါတယ်'

ကျွန်တော်လည်း သူ့ကိုလက်ပြန်ပြရင်း 'ဘာသတင်းကောင်းလဲ သားရဲ့'လို့ ပြန်မေးလိုက်တယ်။

'ဒီတစ်ခေါက် ဒယ်ဒီသွားနေတုန်း ဘယ်သူမှ မာမီ့အခန်းထဲ ဝင်မအိပ်ဘူး' သားငယ်က အော်ပြောရင်း ကျွန်တော့်ကို ပြေးဖက်တယ်။

သူ့အော်သံအဆုံးမှာ လေဆိပ်ခန်းမတစ်ခုလုံး အသံတွေ ငြိမ်ကျသွားတယ်။ ပြီးတော့သားငယ်ကို ဝိုင်းကြည့်ကြတယ်။ ပြီးတော့ ကျွန်တော့်ကို ကြည့်ကြတယ်။ ပြီးတော့ သူတို့မျက်လုံးတွေက လာကြိုသူတွေထိုင်နေတဲ့ ခုံတန်းတွေဘက်ကို လှည့်သွားပြီး 'မာမီ' ဘယ်သူဖြစ်မလဲလို့ ရှာဖွေနေကြလေရဲ့။

---

http://www.linhtet.com





'ဒီလိုဆို သမီးရဲ့ဖိနပ်ကြိုးကို ချည်ပေးပါ'

http://www.linhtet.com



## ကူညီနိုင်မလား

မူလတန်းကျောင်းတစ်ကျောင်းကို တာဝန်တစ်ခုနဲ့ ရောက်သွားတုန်းက ကျောင်းသူလေးတစ်ယောက်ရဲ့ ပညာပေးတာကို ကျွန်တော် ခံခဲ့ရတယ်။

'ဦးဦးက ရဲသားကြီးလား'

'ဟုတ်တယ်'

'သမီးမေမေက ပြောတယ်။ သမီးအကူအညီလိုတဲ့အခါ ရဲသားတွေဆီမှာ တောင်းနိုင်တယ်တဲ့။ ဟုတ်သလား'

'ဟုတ်တာပေါ့။ တောင်းနိုင်တာပေါ့'

'ဒီလိုဆို သမီးရဲ့ဖိနပ်ကြိုးကိုချည်ပေးပါ' သူမက ခြေထောက်တစ်ဖက် ရှေ့ထိုးပေးရင်း ပြောတယ်။

http://www.linhtet.com



## ကလေးတွေဆီကရတဲ့ ပညာ

- ရုပ်ပုံရဲ့ အပြင်ဘက်ရောက်သွားတဲ့အထိ ဆေးရောင်ခြယ်ရတာ ပျော်စရာအကောင်းဆုံးပဲ။
- နံရံပေါ်မှာ အရုပ်ရေးမယ်ဆိုရင် ထိုင်ခုံတွေရဲ့နောက်ဘက်ကို ဝင်ရေးပါ။
- နားလည်ပြီးဖြစ်သည့်တိုင် ထပ်တလဲလဲမေးပါ။
- သုံးနာရီကြာအောင် ငါးထိုင်မျှားတာ နေလောင်တာနဲ့ သဲဝဲစားတာပဲ အဖတ်တင်တယ်ဆိုရင်တောင်မှ ငါးမျှားချိတ်က တီကောင်ရဲ့အဖြစ်လောက်မဆိုးသေးဘူးလို့ သဘောထားပါ။
- သင်လုပ်ထားတဲ့အတိုင်း စည်းကမ်းချမှတ်ပါ။
- အသေးအမွှားလေးတွေကိုလည်း မေးမြန်းပါ။

http://www.linhtet.com



- သင်ဆွဲတဲ့ မြင်းရုပ်က ခွေးရုပ်နဲ့ပိုတူနေရင် ခွေးရုပ်လုပ်လိုက်ပါ။
- တန်းစီတဲ့အခါ သူငယ်ချင်းတွေအတွက်ပါ နေရာဦးထားပါ။
- တစ်ခါတစ်ခါ စာမေးပွဲတွေဟာ စာကျက်လို့မပြီးခင် ဖြေရတတ်တယ်။
- ကြောင်ကလေးတစ်ကောင် လိုချင်တယ်ဆိုရင် မြင်းတစ်ကောင်ကစပြီး ပူဆာပါ။
- တံခါးကို မဖွင့်မချင်း ထုပါ။
- အိပ်ရာခင်းတာ အချိန်ဖြုန်းတာသက်သက်ပဲ။
- အဝတ်အစားတွေကို လိုက်ဖက်အောင်ဝတ်ရမယ်လို့ ဘယ်လိုအကြောင်းပြချက်ကောင်းကောင်းမှ မရှိပါ။

---

http://www.linhtet.com



## မွေးစားတယ်ဆိုမှတော့

ပထမတန်း ကျောင်းသား၊ ကျောင်းသူတစ်စု မိသားစုဓာတ်ပုံကို ကြည့်ပြီး ကိုယ်ထင်ရာမြင်ရာ တစ်ယောက်တစ်ပေါက် ပြောနေကြတယ်။ ဓာတ်ပုံထဲက ကောင်လေးတစ်ယောက်ရဲ့ ဆံပင်အရောင်က အခြားမိသားစုဝင်တွေနဲ့မတူဘဲ ထူးထူးခြားခြား ရွှေရောင်ဖြစ်နေတယ်။

ကျောင်းသားတစ်ယောက်က ဒီကောင်လေးဟာ မွေးစားသားပဲ ဖြစ်ရမယ်လို့ သူကြားဖူးတာကိုပြောတယ်။

'အို ဟုတ်လား။ ငါလည်း မွေးစားသမီးပဲ။ မွေးစားတယ်ဆိုတာ ငါကောင်းကောင်းသိတာပေါ့' ကျောင်းသူလေးတစ်ယောက်က ကောက်ခါငင်ကာ ဝင်ပြောတယ်။

မွေစားတယ်ဆိုတာဘယ်လိုလဲလို့ အခြားကျောင်းသားတွေက အဲဒီကျောင်းသူကို ဝိုင်းမေးကြတယ်။

'မွေးစားတယ်ဆိုတာက မာမီ့ဗိုက်ထဲမှာ ကြီးလာတာ မဟုတ်ဘူး။ နှလုံးသားထဲမှာကြီးလာတာလို့ ငါ့မာမီကပြောတယ်' မွေးစားသမီးက ရှင်းပြတယ်။

http://www.linhtet.com



## ခေါင်းကိုက်ပျောက်ဆေး

စိတ်တင်းကြပ်မှုတွေများပြီး ခေါင်းကိုက်လာတဲ့အခါ ခေါင်းကိုက်ပျောက်ဆေးပြား ပုလင်းပေါ်မှာပါတဲ့ ဆေးညွှန်းအတိုင်း အတိအကျလိုက်နာပါ။

*'ဆေးနှစ်ပြားသောက်ပါ။*

*ကလေးတွေနဲ့ဝေးဝေးမှာ ရှိနေပါစေ'*

---

http://www.linhtet.com





'အခု သူသိသွားပြီ'

http://www.linhtet.com



## သိပြီလား

၆ နှစ်ရွယ် ကောင်လေးတစ်ယောက်က အမေကို ငိုကြီးချက်မနဲ့ တိုင်ပြောတယ်။ ညီမလေးက သူ့ဆံပင်တွေကို ဆောင့်ဆွဲတယ်တဲ့။ အမေက သားငယ်ကို ချော့မော့ပြောတယ်။ 'ညီမလေးကို စိတ်မဆိုးပါနဲ့သားရယ်။ သူက ဆံပင်ဆွဲရင်နာတယ်ဆိုတာ မသိဘူးလေ'တဲ့။

ခဏနေတော့ ငိုသံတွေ ထွက်လာပြန်တယ်။ အမေ ပြေးလာတော့ ညီမလေး သံကုန်ဟစ်ပြီး ငိုနေတာတွေ့ရတယ်။

'အခု သူသိသွားပြီ' သားငယ်က အမေ့ကို ဆီးပြောတယ်။

http://www.linhtet.com



## အချစ်ဆုံးသား

တစ်ခါက မျက်စိမမြင်တော့သလောက် မှုန်နေပြီဖြစ်တဲ့ အဘွားအိုတစ်ယောက် ရှိတယ်။ အဖွားအိုက သူ့ရဲ့ သားသုံးယောက်အနက် ဘယ်သူက သူ့ကိုအချစ်ဆုံးလဲလို့ မေးခွန်းထုတ်လိုက်တယ်။


သားကြီးက သူသာလျှင် အမေကိုအချစ်ဆုံးဆိုတာ သက်သေပြနိုင်ဖို့အတွက် အခန်းဆယ့်ငါးခန်းပါတဲ့ အိမ်ကြီးတစ်လုံးဝယ်ပြီး အမေ့ကို လက်ဆောင်ပေးတယ်။

သားလတ်ကလည်း သူ့ရဲ့ချစ်မေတ္တာကို သက်သေပြဖို့အတွက် အကောင်းဆုံး မာစီဒီးကားကြီးတစ်စီး လက်ဆောင်ဝယ်ပေးတယ်။

သားငယ်က စဉ်းစားတယ်။ ငါ့ရဲ့လက်ဆောင်က သူတို့ လက်ဆောင်တွေထက်သာမှ ငါသာလျှင် အမေ့ကိုအချစ်ဆုံးဆိုတာ အမေယုံကြည်လိမ့်မယ်။ နောက်ဆုံးတော့ ၁၅ နှစ်ကြာ လေ့ကျင့်သင်ကြားပေးထားတဲ့ ကြက်တူရွေးတစ်ကောင်ကို လက်ဆောင်ပေးဖို့ သူ ရွေးချယ်လိုက်တယ်။ ဒီကြက်တူရွေးက သမ္မာကျမ်းစာအုပ်တစ်အုပ်လုံး အလွတ်ရွတ်ဆိုနိုင်တယ်။ ဒါကြောင့် အမေသိလိုတာတွေကိုမေးရင် သူက ကျမ်းစာအုပ်ထဲကအတိုင်း အတိအကျ ပြန်ရွတ်ပြနိုင်တယ်။

http://www.linhtet.com





'မင်းရဲ့ စိတ်ကူးကောင်းတဲ့လက်ဆောင်အတွက်
အမေ ကျေးဇူးတင်ပါတယ်'

http://www.linhtet.com

## ၁၁၂ ဆရာမဖို့လက်ဆောင်

သားတွေရဲ့ လက်ဆောင်တွေကို လက်ခံရရှိပြီးတဲ့နောက် အဘွားအိုဟာ သားကြီးဆီကို အရင်သွားတယ်။ 'သားကြီး၊ မင်းဝယ်ပေးတဲ့ အိမ်ကြီးက ခမ်းနားကြီးကျယ်လှပေမယ့် ငါ့အတွက်တော့ သိပ်ကြီးမားလွန်းနေတယ်။ ငါနေမှာက တစ်ခန်းထဲရယ်။ တစ်အိမ်လုံးကို သန့်ရှင်းရေးလုပ်ဖို့က ငါ့အတွက်မလွယ်လှဘူး။ ဘာပဲဖြစ်ဖြစ် မင်းရဲ့လက်ဆောင်အတွက် ကျေးဇူးတင်ပါတယ်'

ပြီးတော့ သားလတ်ဆီကို သွားတယ်။ 'သားလတ်၊ ငါ့သား ဝယ်ပေးတဲ့ မာစီဒီးကားကြီးက အင်မတန်လှပပြီး တန်ဖိုးကြီးပုံရပါတယ်။ ဒါပေမယ့် ငါက ကားမမောင်းနိုင်တော့ဘူး။ ဒရိုင်ဘာမောင်းတာကိုလည်း ငါမစီးချင်ဘူး။ ဒီတော့ မင်းကားကြီးကို ပြန်သာယူသွားပါ'

နောက်ဆုံးမှ သားငယ်ဆီကိုသွားတယ်။ 'သားငယ်၊ မင်းရဲ့ စိတ်ကူးကောင်းတဲ့လက်ဆောင်အတွက် အမေ ကျေးဇူးတင်ပါတယ်။ ငါ့သားပေးတဲ့ကြက်က သိပ်ချိုတာပဲကွဲ့'

http://www.linhtet.com



## ၁၂လ၊ ၁၂နှစ်

ပထမ ၁၂ လမှာတော့ ကလေးတွေကို လမ်းလျှောက်တတ်ဖို့၊ စကားပြောတတ်ဖို့သင်ပေးရင်းနဲ့ မိဘတွေ အချိန်ကုန်ရတယ်။

နောက် ၁၂ နှစ်လုံးလုံးကတော့ သူတို့ကိုငြိမ်ငြိမ်ထိုင်နေဖို့၊ ပါးစပ်ပိတ်ထားဖို့ပြောရင်း အချိန်ပြည့် အလုပ်ရှုပ်နေရတော့တယ်။

---

http://www.linhtet.com



# ဓာတ်ပုံရိုက်မယ်

တစ်နေ့ ကျွန်တော် ရေချိုးမလို့ပြင်နေတုန်း အသာစေ့ထားတဲ့ တံခါးကနေ သားငယ်လေး ရေချိုးခန်းထဲ ဝင်လာတယ်။ ပြီးတော့ ရေအိမ်သုံးစက္ကူတွေနဲ့ သူ့တစ်ကိုယ်လုံးကို ရစ်ပတ်ဆော့ကစားနေတယ်။ စက္ကူတွေနဲ့ လုံးထွေးရစ်ပတ်ပြီး သဘောကျနေတဲ့ သားငယ်လေးရဲ့ဟန်က သိပ်ချစ်စရာကောင်းနေတာမို့ ကင်မရာယူပြီး လေး၊ ငါးပုံလောက် ရိုက်လိုက်တယ်။ ဓာတ်ပုံတွေထွက်လာတော့လည်း အတော့်ကို ချစ်စရာကောင်းနေတယ်။ ဒါကြောင့် အကောင်းဆုံး ဓာတ်ပုံတစ်ပုံကို များများကူးပြီး မိတ်ဆွေတွေဆီကို ခရစ်စမတ်ကဒ်တွေနဲ့အတူ တစ်ပုံဆီထည့်ပေးလိုက်တယ်။

နောက် လေး၊ ငါးရက်နေတော့ မိတ်ဆွေတစ်ယောက်က ဖုန်းဆက်တယ်။ သူက ခင်ဗျားသားရဲ့ဓာတ်ပုံကိုလည်း သေချာပြန်ကြည့်ပါဦးလို့ပြောရင်း ဟက်ဟက်ပက်ပက် ရယ်တယ်။ ဒါနဲ့ ကျွန်တော်လည်း ဓာတ်ပုံကို အသေအချာ ပြန်ကြည့်ရတယ်။ ဒီတော့မှ ကျွန်တော် အထိတ်တလန့် ဖြစ်ရတော့တယ်။

ဓာတ်ပုံထဲမှာက ကျွန်တော့်သားရဲ့ ချစ်စရာပုံအပြင် သူ့အထက်နားက ကြည့်မှန်ထဲမှာ အရိပ်ထင်နေတဲ့ ကင်မရာတစ်လုံးကို လက်မှာကိုင်ထားတာကလွဲပြီး မိမွေးတိုင်း ဖမွေးတိုင်းဖြစ်နေတဲ့ ကျွန်တော့်ပုံကို အခုမှ သတိပြုမိတော့တာကိုး။

---

http://www.linhtet.com



# လူ့ဘဝစတဲ့အချိန်

မိတ်ဆွေတစ်စု စကားဝိုင်းဖွဲ့ပြောရင်း 'လူ့ဘဝ ဘယ်အချိန်မှာ စသလဲ'ဆိုတဲ့ကိစ္စကို ငြင်းခုံနေကြတယ်။

'လူ့ဘဝဆိုတာ ပဋိသန္ဓေတည်တဲ့အချိန်ကတည်းက စတာပဲ' တစ်ယောက်က အဆိုတင်တယ်။

'မဟုတ်ဘူး။ လူ့ဘဝ တကယ်တမ်းစတဲ့အချိန်က သန္ဓေသား ကလေး နှလုံးစခုန်တဲ့အချိန် ကိုယ်ဝန် ၁၂ ပတ်သားမှာ ဖြစ်တယ်' နောက်တစ်ယောက်ကလည်း သူ့အမြင်ကိုပြောတယ်။

နေရာတကာ လက်တွေ့ကျမှ ကြိုက်ပုံရှိတဲ့လူတစ်ယောက်က အဲဒီနှစ်ခုစလုံးကို သဘောမတူဘူး။ သူက 'လူ့ဘဝဆိုတာ အမေ့ဝမ်း ထဲက ကလေးမွေးတဲ့အချိန်မှာမှ စတယ်'လို့ ဆိုတယ်။

လူပျိုကြီးတစ်ယောက်ကတော့ 'လူ့ဘဝဆိုတာ အသက် ၄၀ ကျမှစတာဗျ'လို့ မျှော်လင့်ချက်တွေ မကုန်သေးတဲ့လေနဲ့ ဆိုတယ်။

'ခင်ဗျားတို့ပြောတာတွေ တစ်ခုမှမဟုတ်ဘူး။ ခင်ဗျား သားသမီးတွေထဲက နောက်ဆုံးကျန်တဲ့တစ်ယောက် သူ့ခွေးကိုပါခေါ်ပြီး အိမ်ပေါ်ကဆင်းသွားပြီဆိုတဲ့ အချိန်ကျမှ ဘဝဆိုတာတကယ် စမှာဗျ'လို့ ကလေးငါးယောက်အဖေက ဒေါသတကြီးဝင်ပြောတယ်။

http://www.linhtet.com



## မောနင်းဆစ်ခနက်

'ငါ့အမေက ပြောတယ်။ သူများအမေတွေက ကိုယ်ဝန်ဆောင်စအချိန်တွေမှာ 'မောနင်းစစ်ခနက်'[၁] ရကြတယ်။ သူကတော့ ငါ့ကိုမွေးပြီးကတည်းက ' မောနင်းစစ်ခနက်'[၂]ရတာပဲတဲ့'

ဘောင်ဘီဖင်ကြပ်၊ နှုတ်ခမ်းနီအနက်နဲ့ အပျိုပေါက်မလေးတစ်ယောက်က သူ့သူငယ်ချင်းမလေးတစ်ယောက်ကို ပြောပြနေတယ်။

---

၁။ မနက်ခင်းအချိန်တွေမှာ မအီမသာဖြစ်၊ ပျို့အန်တတ်တဲ့ဝေဒနာ
၂။ မနက်လင်းမှာကြောက်တဲ့ရောဂါ

http://www.linhtet.com



## စတိုင်လ်

ဆံပင်က ထိုးထိုးထောင်ထောင် ကြောင်ကြောင်ကျားကျား၊ အဝတ်အစားက ဘိုသီဖတ်သီ၊ နှာခေါင်းမှာလည်း ကွင်းတစ်ကွင်း တပ်ထားတဲ့ ဆယ်ကျော်သက်ကောင်လေးတစ်ယောက်က သူ့ ဘော်ဒါတွေကို အခုလို ပြောပြနေတယ်။

'တကယ်တော့ ဒီစတိုင်လ်တွေကို ငါလည်း သိပ်ကြိုက်လှတာ တော့ မဟုတ်ပါဘူးကွာ။ ဒါပေမယ့် ဒီလိုဝတ်စားထားတော့ ငါ့ အဖေနဲ့ အမေက သူတို့သွားလေရာ ငါ့ကိုတစ်ကောက်ကောက် ခေါ် မသွားတော့ဘူးပေါ့'

---

http://www.linhtet.com



## တူညီဝတ်စုံ

ကလေးတွေ တစ်ပြုံကြီးမွေးထားတဲ့အမေက သူ့ကလေးတွေ အားလုံးကို ဘာကြောင့် ဆင်တူဝတ်ပေးထားသလဲဆိုတာ အခုလို ရှင်းပြတယ်။

'ကျွန်မ ကလေး ၄ ယောက်ရတော့ ကလေးတွေ မပျောက်ရအောင် သူတို့အားလုံးကို ဆင်တူဝတ်ပေးထားတယ်' သူမက ရှင်းပြတယ်။

'ပြီးတော့ အခုလို ဆင်တူဝတ်ပေးထားတော့ သူများကလေးတွေကို မှားပြီးမခေါ်လာမိတော့ဘူးပေါ့' သူမက ကလေး ၉ ယောက်ကို လှည့်ပတ်ကြည့်လိုက်ရင်း ဆက်ပြောပြတယ်။

http://www.linhtet.com





'အခုလို ဆင်တူဝတ်ပေးထားတော့ သူများကလေးတွေကို
မှားပြီး ခေါ်မလာမိတော့ဘူးပေါ့'

http://www.linhtet.com




## ရင့်ကျက်တဲ့အမေ

ကျွန်တော့်မှာ ညီအစ်ကိုမောင်နှမ ငါးယောက် ရှိတယ်။ ယောက်ျားလေးနှစ်ယောက်၊ မိန်းကလေးသုံးယောက်။ တစ်ညမှာတော့ အမေနဲ့စကားပြောရင်း အမေ အခုလိုရင့်ကျက်တဲ့မိခင် တစ်ယောက်ဖြစ်လာအောင် ဘာတွေကများ ဖန်တီးပေးသလဲလို့ မေးကြည့်တယ်။

'အင်း၊ မင်းတို့အစ်ကိုအကြီးဆုံး ငယ်ငယ်ကဆိုရင်တော့ သူချောင်းဆိုးရင်ဖြစ်ဖြစ်၊ နှာစေးရင်ပဲဖြစ်ဖြစ် အမေကဆေးရုံကို ဖုန်းဆက်ပြီး အရေးပေါ်ကား ခေါ်တော့တာပဲ။ မင်းညီမအငယ်ဆုံးကျတော့ သူ ဆယ်ပြားစေ့မျိုချရင်တောင်မှ အီးအီးပါတဲ့အခါ ပြန်ထွက်လာလိမ့်မယ်လို့ အမေသဘောထားတတ်ပြီ'

အမေက တကယ်တည်ငြိမ်ရင့်ကျက်စွာနဲ့ အဖြေပေးတယ်။

http://www.linhtet.com




graphic design & color separation : atomic digital art